www.burmeseclassic.com

# ပုံပြင်


## တာရာမင်းဝေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၅၂၈၀၆၀၄ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၄၉၇၀၆၀၅ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၆ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (ယာယီ ၁၀၇၄) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း – ကိုစောမင်းဝေ

■ ကွန်ပျူတာစာစီ – သူသူ

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၆၀၀ ကျပ်

## မာတိကာ

စာရေးသူအမှာ ၉
၁။ သေဆုံးသွားတဲ့လျှို့ဝှက်ချက် ၁၉
၂။ ခေါင်းလောင်းသံမကြားလိုက်တဲ့ ကျီးကန်း ၂၉
၃။ တစ်ခါတုန်းကလေးသည်တော် ၃၉
၄။ တတိယမြောက်နည်းပရိယာယ် ၄၇
၅။ လူညံ့သုံးယောက် ၅၅
၆။ သက်တူရွယ်တူ ၆၅
၇။ နတ်မင်းရယ်သံ ၇၁
၈။ ရွှေလက်ညှိုး ၈၁
၉။ မီးတောက်ကို ချုပ်ကိုင်တဲ့သူ ၈၉
၁၀။ ဝေးကွာခြင်းသစ်ပင် ၉၅
၁၁။ ကမ္ဘာ ၁၀၅
၁၂။ ဦးခေါင်းခွံပြဿနာ ၁၁၃
၁၃။ ပိုင်ရှင်မဲ့အပြုံး ၁၁၉
၁၄။ သေမင်းဗေဒင် ၁၂၉
၁၅။ ကြာပွတ်ကင်ဆာ ၁၃၉
၁၆။ နယူတန်မသိလိုက်တဲ့ဖိနပ် ၁၄၉
၁၇။ လျှပ်တစ်ပြက်သတို့သား ၁၅၇

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူအမှာ

၁၉၈၀ အလွန်နှစ်များဆီကပါ။ ညနေဟာ မှောင်စပျိုးနေပြီ။ ကျွန်တော်က (၈) တန်းကျောင်းသားလေး။ ကျူရှင်က ပြန်အလာမှာ လွယ်အိတ်ကို ဘုန်းခနဲပစ်ချတယ်။ 'ဘာဟင်းချက်သလဲ' လို့ အမေ့ကို အော်မေးပြီး ထမင်းကို ကမန်းကတန်းစားတယ်။ ပြီးတော့ စာကျက်တယ် မထင်ပါနဲ့။ မီးပြွတ်နေတဲ့ ဆင်းရဲသားရပ်ကွက်ကလေးရဲ့ မှုန်တဝါးဝါး လရောင်မျှင်တွေအောက်မှာ ကျွန်တော် (တို့) ရဲ့ချစ်သော လက်ဖက်ရည်ဆိုင်ကလေးဆီ ကျွန်တော်ထွက်လာခဲ့ပါတယ်။

ကျွန်တော်တို့မြို့ကလေးရဲ့ နယ်နိမိတ်ဆိုင်းဘုတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး အလွန်မှာ မီးရထားသံလမ်းတစ်ခုရှိတယ်။ အဲဒီသံလမ်းကိုကျော်သွားရင် လက်ဖက်ရည်ဆိုင်လေးရှိတယ်။ လူရှင်းပြီး အေးချမ်းသပ်ရပ်တဲ့ လက်ဖက်ရည်ဆိုင်ကလေးပါပဲ။ အဲဒီဆိုင်မှာ ကျွန်တော်တို့ ကဗျာရေး၊ စာရေးအုပ်စုဆုံကြလေ့ရှိတယ်။ စာအကြောင်းပေအကြောင်းတွေ ပြောဆို ဆွေးနွေးလေ့ရှိတယ်။ ဖယောင်းတိုင်စက္ကူနဲ့လိမ့်ပြီး ကဗျာစာအုပ်လေးတွေ စုထုတ်လေ့ရှိတယ်။ ကျန်တဲ့သူတွေကတော့ နှစ်ဆယ်ကျော် အစိတ်ပိုင်းတွေပေါ့။ ကျွန်တော်က အငယ်ဆုံး။

ကျွန်တော်ရောက်သွားတဲ့အချိန်မှာ လူစုံစပြုနေပြီ။

"ကောင်လေး . . . ဒီနေ့ နောက်ကျပါလား"

"အင်း. . . ကျူရှင်မှာ ဆရာက တော်တော်နဲ့ လေမပြတ်လို့"

စားပွဲထိုးက ကျွန်တော် သောက်နေကျ လက်ဖက်ရည်ကို လာချပေးတယ်။ စားပွဲအလယ်ခေါင်မှာချထားတဲ့ ဗလာစာအုပ်ကလေးကို ကျွန်တော် ကောက်ကိုင်လိုက်တယ်။ လှန်ဖတ်ကြည့်တော့ ပုံပြင်တွေကို ကူးရေးထားတဲ့





ဗလာစာအုပ်။ ကျရာစာမျက်နှာက ပုံပြင်တစ်ပုဒ်ကို ကျွန်တော် ဖတ်ကြည့်လိုက်တယ်။ 'ဆိတ်ကျောင်းသားရဲ့ ယုတ္တိဗေဒ' တဲ့။

တစ်ခါတုန်းက ဘုရင်ကြီးတစ်ပါးဟာ သူ့တိုင်းပြည်ထဲမှာ တိရစ္ဆာန်တွေကို မသတ်ရဘူးလို့ အမိန့်ထုတ်ထားတယ်တဲ့။ တစ်နေ့မှာ မင်းချင်းတွေက ဆိတ်သားသတ်စားတဲ့ သိုးကျောင်းသားတစ်ယောက်ကို ရှေ့တော်မှောက်ခေါ်လာတယ်။

ဘုရင် ။ ။ မင်း ဘာကြောင့် ငါ့အမိန့်ကို လွန်ဆန်ပြီး ဆိတ်ကို သတ်ရတာလဲ။

သိုးကျောင်းသား။ ။ . . . . . . . . . . . . . . .

ဘုရင် ။ ။ မင်း ငါမေးနေတာကို ဘာလို့ မဖြေတာလဲ၊ ဘုရားက မေးရင် ဘယ်လိုဖြေမလဲ။

သိုးကျောင်းသား။ ။ အရှင်က ကျွန်တော့်ကို သတ်တော့မှာပဲ၊ ဘုရားကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ် ဖြေမလဲ။

ဘုရင် ။ ။ ဘုရားက မင်းကို အသက်ပြန်သွင်းပြီးမေးမှ သက်သေ ခိုင်လုံမှာပေါ့။

သိုးကျောင်းသား ။ ။ ဒါဆို ဆိတ်ကိုလည်း အသက်ပြန်သွင်းပြီးမှ မေးမှာပေါ့။

ဘုရင် ။ ။ အေး . . . ဘုရားက လုပ်မှာပေါ့။

သိုးကျောင်းသား ။ ။ အဲ့ဒီဆိတ် အသက်ပြန်ရှင်လာမှတော့ ဘုရားက ကျွန်တော့်ကို အပြစ်ပေးလို့ဘယ်ရတော့မလဲ။

ဘုရင်ကြီးက ပြုံးရယ်ပြီး သိုးကျောင်းသားကို အပြစ်က ခွင့်လွှတ်လိုက်တယ်တဲ့။

အန်ဒရာပရောဒ်ရဲ့ ပုံပြင်ပါ။ ဒီပုံပြင်ထဲမှာပါတဲ့ ဘုရားက သူတို့ကိုးကွယ်တဲ့ ဖန်ဆင်းရှင် (Creator) ပါ။ ကျွန်တော့်တို့ရဲ့ 'ဗုဒ္ဓ' မဟုတ်ပါဘူး။ ဒါတွေကို ထားလိုက်ပါတော့။





ကဗျာတွေကို ကူးထားတဲ့စာအုပ်တွေကို ကျွန်တော်တွေ့ရပေါင်းများလှပါပြီ။ ကျွန်တော့်မှာလည်း ရှိတာပါပဲ။ တစ်ယောက်နဲ့တစ်ယောက်လည်း လဲဖတ်ကြတယ်။ ပုံပြင်လေးတွေကူးထားတဲ့ စာအုပ်ကလေးကိုတော့ ကျွန်တော်ခုမှ (အဲဒီတုန်းကမှ) မြင်ဖူးတယ်။ သဘောကျမိတယ်။ စိတ်ကူးကောင်းတဲ့ နောင်တော်ကဗျာဆရာကိုလည်း အားရပါးရ ချီးကျူးစကားဆိုဖြစ်တယ်။

"ဘာလဲ . . . ကောင်လေးက သဘောကျနေတာလား"

"အင်း . . ကျတယ်"

ကျွန်တော်တို့ထဲမှာ ဦးစီးဦးဆောင်လို ဖြစ်နေတဲ့ ကဗျာဆရာ အစ်ကိုကြီးက ပုံပြင်တစ်ပုဒ်ကို ပြောပြပါတယ်။ အဲဒီတုန်းက ဒေသကောလိပ်ခေတ်လေ။ သူက ဒုတိယနှစ်ဒေသကောလိပ်ကျောင်းသား။ ရှုမဝတို့၊ ပေဖူးလွှာတို့မှာလည်း ကဗျာတွေပါဖူးတယ်၊ သူ့စကားဆိုရင် အလေးထားပြီး နားထောင်ရတယ်။

"တစ်ခါတုန်းက ရှုံးတော်ကတရားသူကြီး ရှေ့မှောက်



www.burmeseclassic.com

www.burmeseclassic.com



ကို အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ ကလေးတစ်ယောက်ကို သတ်ပြီး အလောင်းဖျောက်ပစ်လို့တဲ့၊ လာတိုင်တာက သူ့ယောက်ျားရဲ့မိတ်ဆွေတွေ"

"ဟင်"

"အေး . . . တရားသူကြီးကစစ်တော့ အမျိုးသမီးက ပြန်ပြောတယ်၊ သူ့ယောက်ျားက အသောက်အစားမက်တယ်တဲ့။ သူ့ယောက်ျားကို ကပ်ရပ်စားသောက်နေတဲ့ အပေါင်းအသင်းတွေလည်းရှိတယ်တဲ့။ မိတ်ဆွေတု မိတ်ဆွေယောင်တွေတဲ့၊ အဲဒါကို သူ့ယောက်ျားနဲ့ကွဲစေချင်လို့ ဒီလိုလုပ်လိုက်တာတဲ့"

"ဟင် . . ဘာဆိုင်လို့လဲ"

"လာမယ်လေ။ သူဟာ ကလေးတစ်ယောက်ကို သတ်ပြီး ခြံထောင့်က ခရေပင်အောက်မှာ မြှုပ်ထားလိုက်တယ်လို့ မိန်းမက သူ့ယောက်ျားကို ပြောလိုက်တယ်။ ယောက်ျားက ပျာယာခတ်ပြီး သူ့သောက်ဖော်သောက်ဖက် အပေါင်းအသင်းတွေကို အကူအညီတောင်းတယ်၊ အပေါင်းအသင်းတွေက မကူညီတဲ့အပြင် သူတို့လင်မယား





ကို ငွေညှစ်တယ်။ မရတော့ တရားရုံးကို တိုင်တယ်တဲ့။

အလောင်းကိုဖော်ကြည့်တော့ ခွေးသေတစ်ကောင်ဖြစ်နေတယ်။ ဇနီးဖြစ်သူက ခင်ပွန်းသည် အမြင်မှန်ရစေချင်လို့ လုပ်ပေးလိုက်တဲ့ကိစ္စပဲ၊ တရားသူကြီးက ဇနီးဖြစ်သူကို ချီးကျူးတယ်။ ခင်ပွန်းသည်လည်း အမြင်မှန်ရသွားတယ်"

ပုံပြင်ရဲ့ ဇာတ်သိမ်းခန်းကို သူက တဖွဲ့တနွဲ့ ဆက်ပြောပြပါတယ်။ သူ့စကားအဆုံးမှာ ကျွန်တော်က

"နေပါဦး . . . . ကျွန်တော်မေးပါဦးမယ် "

"ဘာမေးမှာလဲ"

"အဲဒီမိန်းမက ကလေးတစ်ယောက်ကို တကယ်သတ်ခဲ့ပြီး နှစ်ပေါက်တစ်ပေါက်ရိုက်တာ ဆိုရင်ကော ၊ ကလေးအလောင်းကို ဖျောက်ဖျက်ပစ်လိုက်ပြီး ဟန်ပြမြှုပ်ထားတဲ့ ခွေးအလောင်းကိုပြ၊ လျှောက်လဲလို့ ကောင်းအောင် အကွက်ဆင်လိုက်တာဆိုရင်ကော အကုန်လုံးခံလိုက်ရမှာပေါ့"

ဝိုင်းရယ်ကြ၊ တစ်ယောက်တစ်ပေါက် တုံ့ပြန်ပြောသံ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆုညံကြနဲ့ပေါ့။

'ပုံပြင်' ကို မင်းက ဘက်ပြောင်းပြီး ပြောတာကိုး၊ ညာဘက်ကနေ ဘယ်ဘက်ကိုရွှေ့ပြီး ပြောတာကိုး။

ကြာခဲ့ပါပြီ။ နှစ်တွေလည်း အလီလီပြောင်းခဲ့ပါပြီ။ ပြီးခဲ့တဲ့ဆောင်းတစ်ရက်မှာ အဲဒီရထားသံလမ်းနား ရောက်တယ်။ လက်ဖက်ရည်ဆိုင်ကလေးက မရှိတော့ပါဘူး။ ကျွန်တော်တို့ကဗျာရူး၊ စာရူး အုပ်စုလည်း တစ်ယောက်တစ်နေရာဆီ ရောက်နေကြပါပြီ။ ကျောင်းပြီး၊ ဘွဲ့ရ၊ အိမ်ထောင်ရက်သားတွေကျ၊ ကိုယ့်ဘဝအမောတွေနဲ့ ကိုယ်ရုန်းကန်နေရပါပြီ။ စာပေလောကထဲကို မအူမလည်နဲ့ ရောက်လာတာက ကျွန်တော်တစ်ယောက်တည်း။

အဲဒီလိုနဲ့ပဲပေါ့လေ။ ကျွန်တော် ဘယ်ဘက်လက်ထဲမှာရှိတဲ့ ပုံပြင်တချို့အကြောင်း သူတို့ကို ပြောမပြဖြစ်ခဲ့တာ၊ နှင်းတွေကြားမှာ ကျွန်တော် တွေးမိတယ်။ ခုတော့လည်း စာစဉ်တွဲတစ်ခုအနေနဲ့ ရေးရတော့မှာပေါ့။ ရိုးရာပုံပြင်လေးတွေပါပဲ။ ညာဘက်ကနေ ဘယ်ဘက်ဆီ အရွှေ့အပြောင်းမှာ ရယ်စရာလေးတွေ ဖြစ်ရင်ဖြစ်သွားမယ်၊





တွေးစရာလေးတွေလည်း ဖြစ်ရင်ဖြစ်သွားမယ်။ ခွင့်လွှတ်စရာရှိရင်လည်း ခွင့်လွှတ်ကြပါလို့ ကြိုပြောထားချင်ပါတယ်။

❑

တာရာမင်းဝေ



www.burmeseclassic.com

www.burmeseclassic.com

## ၁။ သေဆုံးသွားတဲ့လျှို့ဝှက်ချက်

F-2B

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းကပေါ့လေ။ ဘိုခါရာ ဆိုတဲ့ မြို့မှာ ကုန်သည်ကြီးတစ်ယောက်ရှိတယ်။ သူ့ခေတ်ကာလ အလျောက် ကြွယ်ဝချမ်းသာပါတယ်။ သူ့မှာ အလှမွေးထားတဲ့ ကြက်တူရွေးတစ်ကောင်ရှိတယ်။ ကြွားဝါတတ်တဲ့ ကုန်သည်ကြီးဟာ အဲဒီကြက်တူရွေးကို ရွှေလှောင်အိမ်နဲ့ ထည့်ထားတယ်။

တစ်နေ့တော့ ကုန်သည်ကြီးဟာ ခရီးထွက်ဖို့ကိစ္စကြုံလာတယ်။ အဲဒီတော့ သူ့အိမ်သားတွေကို သူမေးတာပေါ့။

“ကဲ . . . ဘယ်သူဘာမှာကြမလဲ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူအိမ်သားတွေက တစ်ယောက်တစ်ပေါက် ဝိုင်းမှာကြတယ်။ ပိုးထည်ဝတ်ရုံ၊ ကြိုးဆွဲပုတီး၊ ဖန်လက်ကောက်၊ . . . . စသည့်ဖြင့်ပေါ့။ ခရီးထွက်ကာနီးကျတော့ သူဌေးက အနောက်အပြောင်သဘောနဲ့ ကြက်တူရွေးကိုပါ ထပ်မေးတယ်။

"မင်းကော ငါ့ကို ဘာမှာဦးမလဲ"

ကြက်တူရွေးက တော်တော်စဉ်းစားပြီးမှ ပြန်ဖြေတယ်။

"ကျွန်တော့်အတွက် ဘာမှမလိုအပ်ပါဘူး"

"အေးလေ . . မင်းကို ဘာမှမလိုအပ်အောင် ငါထားတာပဲ"

"တစ်ခုပဲ အမှာစကားပါးချင်ပါတယ်"

"ပြော . . . ဘာလဲ"

"သူဌေးမင်းရဲ့ လက်ရှိခရီးဟာ တောအုပ်တစ်ခုကို ဖြတ်သွားရမှာ ဖြစ်ပါတယ် "

"ငါသိတယ် . . . ဘာဖြစ်လဲဆက်ပြော"

"အဲဒီမှာ ကျွန်တော့်ရဲ့ မျိုးတူကြက်တူရွေးတွေကို တွေ့ရင် ကျွန်တော်က နှုတ်ဆက်လိုက်ကြောင်း ပြောပေး





ပါ"

ကုန်သည်ကြီးက 'တဟားဟား' ရယ်ပါတယ်။ 'စိတ်ချ . . . စိတ်ချ ငါပြောလိုက်မယ်' လို့လည်း ဆိုပါတယ်။ နောက်တော့ သူ့ခရီးကို စထွက်တယ်။

ခရီးက ချောချောမောမောပါပဲ။ အိမ်သားတွေမှာလိုက်တဲ့ ပစ္စည်းတွေကိုလည်း စုံစုံလင်လင် ဝယ်ယူခဲ့ပါတယ်။ ကြက်တူရွေးကလေး မှာလိုက်တဲ့ကိစ္စကိုတော့ အပြန်ခရီးကျမှ သတိရတယ်။ အဲဒါနဲ့ပဲ အဲဒီတောအုပ်ကို ပြန်အဖြတ်မှာ . . . .

"ဟေး . . . ကြက်တူရွေးကလေးတို့"

ကြက်တူရွေးတွေ စုစည်းနားခိုနေတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ သူအော်ဟစ်စကားစလိုက်တယ်။

"မင်းတို့အားလုံးကို ရွှေဂဲက သတိရပါတယ်"

ကြက်တူရွေးတစ်ကောင်က ပြန်မေးတယ်။

"ဘယ်က ရွှေဂဲလဲ"

"ဘိုခါရာမြို့က ရွှေဂဲလေ"

"သူက ဘယ်ရောက်နေလို့လဲ"

"ဘိုခါရာမှာပဲပေါ့။ ငါ့အိမ်က ရွှေလှောင်ချိုင့်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်”

“အို . . .”

အဲဒီစကားကိုလည်းကြားရော အဲဒီ ကြက်တူရွေးလေးဟာ တဆတ်ဆတ် တုန်ယင်လာတယ်။ ပြီး . . . သစ်ကိုင်းပေါ်ကနေ ဘုတ်ခနဲပြုတ်ကျပြီး သေဆုံးသွားတယ်။

ကုန်သည်ကြီးဟာ အဲသည်မြင်ကွင်းကို တွေ့ပြီး စိတ်မကောင်းဘူး။ မိတ်ဆွေအပေါ် အတော်ချစ်ရှာတဲ့ ကြက်တူရွေးကလေးလို့ သတ်မှတ်မိတယ်။ စိတ်မချမ်းမသာနဲ့ဘဲ သူ့ခရီးဆက်လို့ အိမ်ပြန်လာခဲ့ရတာပေါ့လေ။ အိမ်ရောက်တော့ ကျန်တဲ့သူတွေကို လက်ဆောင်ပစ္စည်းဝေငှပေးတယ်။ နောက်ဆုံးကျမှပဲ ရွှေလှောင်ချိုင့်ထဲက ကြက်တူရွေးလေးဆီ သူ လေးတိလေးကန် ရောက်သွားတယ်။

“ရွှေဂဲရေ မင်းမှာတာကို ငါပြောခဲ့ပါတယ်”

“သူတို့က ဘာပြန်ပြောလဲ သူဌေးကြီး ”

“အေးကွာ . . . သူတို့ထဲကတစ်ကောင်က မင်းအကြောင်းတွေပြန်မေးရင်း သစ်ပင်ပေါ်ကနေ ပြုတ်ကျ





သေသွားတာပါပဲ”

“ဗျာ . . .”

ရွှေဂဲကလည်း တဆတ်ဆတ်တုန်ယင်လာတယ်။ သူကိုယ်တိုင်လည်း ခြေကုပ်မမြဲတော့ဘဲ လှောင်အိမ်ထဲမှာ ‘ဘုတ်’ ခနဲပြုတ်ကျသေဆုံးသွားတယ်။

“ဟာ ဖြစ်ပြန်ပြီ”

သူဌေးကြီးဆိုတဲ့ ကုန်သည်ကြီးဟာ အတော်ကို တုန်လှုပ်ချောက်ချားသွားတယ်။

“ဩော် . . . တော်တော်ချစ်ကြတဲ့ သူငယ်ချင်းတွေပဲကိုး ”

ကြက်တူရွေးလေး ရွှေဂဲကို လှောင်ချိုင့်ထဲက ထုတ်ပြီး စားပွဲပေါ်တင်ထားလိုက်တယ်။ အဲဒီအချိန်မှာပဲ သေနေပြီလို့ထင်ထားရတဲ့ ရွှေဂဲက တဖျတ်ဖျတ် အားယူထပျံပြီး

“အိုး . . . သူဌေးကြီး၊ သင်တွေ့ခဲ့ရသော ကြက်တူရွေးသည် အမှန်တကယ်သေဆုံးခြင်းမဟုတ်၊ နည်းနာပေးခြင်းပါပဲ။ သူလိုလုပ်ရင် လှောင်ချိုင့်ထဲက လွတ်မယ်လို့ အမူအရာနဲ့ သွန်သင်ပြလိုက်ခြင်းပါပဲ။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လွတ်မြောက်သွားပြီ။ ကျေးဇူးတင်ပါတယ် သူဌေးကြီး။ ဟား . . . ဟား . . . ဟား ”

အားယူပျံတယ်။ ကြမ်းပြင်ပေါ် ဘုတ်ခနဲ ပြန်ကျလာတယ်။ ခုနက စကားကိုထပ်ပြောပြီး အားယူပျံတယ်၊ ဘုတ်ခနဲ ပြန်ပြုတ်ကျတယ်။

“အခုတော့ ကျွန်တော် လွတ်မြောက်သွားပြီ။ ကျေးဇူးတင်ပါတယ်။ သူဌေးကြီး. . . ဟား. . . ဟား. . . ဟား”

အားယူပျံတယ်။ ဘုတ်ခနဲပြန်ပြုတ်ကျလာတယ်။ သည်တစ်ခါတော့ ပြန်တောင် မထနိုင်တော့ဘူး။

ကုန်သည်ကြီးကတော့ အူကြောင်ကြောင်ပါပဲ။ သူပျံတက်သွားရင် လိုက်မော့ကြည့်လိုက်။ သူပြန်ပြုတ်ကျလာရင် လိုက်ငုံ့ကြည့်လိုက်နဲ့ ဘာမှန်းတောင် နားလည်ပုံမရဘူး။ ရွှေဂဲမှာလည်း ကြုံးဝါးရုံသက်သက်က လွဲပြီး အကောင်အထည် မဖော်ပြနိုင်တဲ့ အနေအထားလေ။

မပျံရတာကြာလို့ သူ့ရုပ်ခန္ဓာကို စိတ်ကမလိုက်နိုင်ဘူး။ ပြီး အတောင်ပံအညှပ်ခံထားရတယ်လေ။ ခပ်ကြွားကြွား ကြုံးဝါးလိုက်တာကလွဲပြီး ကျန်တာကို သူမတတ်နိုင်





ဘူး။ နောက်ဆုံးအကြိမ် ပြုတ်ကျတာမှာ တော်တော်နာသွားပြီး ပြန်တောင်မထနိုင်တော့ဘူး။ အဲဒီတော့ သူ့ကို မျက်လုံးပြူးနဲ့ငုံ့ကြည့်နေတဲ့ ကုန်သည်ကြီးကို သွားပဲဖြဲပြရတော့တာပေါ့။

“ကျွန်တော်က နောက်တာပါ သူဌေးကြီးရဲ့။ သူဌေးကြီးကော ဘယ်လိုလဲ။ ဟဲ . . . ဟဲ . . . နေကန်းတယ်နော်”

❑



www.burmeseclassic.com

www.burmeseclassic.com

## ၂။ ခေါင်းလောင်းသံမကြားလိုက်တဲ့ကျိုးကန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ကျီးကန်းတွေရဲ့ စာသင်ကျောင်းမှာ ဆရာမကြီးက တပည့်တွေကို ဆုံးမတယ်။

"မင်းတို့အားလုံး ငါပြောတာကို ကြားတယ် မဟုတ်လား"

"ကြားပါတယ် ဆရာမကြီး"

"အေး . . ဒီပုံပြင်ထဲက ကျီးကန်းလို မမိုက်မဲမိကြစေနဲ့။ ဆင်သေကောင်ရဲ့ အသားကိုစားဖို့ မက်မောရင်း ပင်လယ်ထဲမှာ ဒုက္ခရောက်ရတယ်။ ကမ်းမမြင်၊ လမ်းမမြင် သေသွားရတယ်။ ကြပ်ကြပ်သင်ခန်းစာယူကြ"

"ဟုတ်ကဲ့ပါ ဆရာမကြီး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ စာသင်ခန်းထဲကို ရောက်မလာတဲ့ ကျီးကန်းလေးတစ်ကောင်လည်းရှိတယ်။ ကျောင်းပြေးတာ ရယ်တော့ မဟုတ်ပါဘူး။ ကျောင်းတက်ခေါင်းလောင်း သံကို သူ မကြားလိုက်တာပါ။ ရွာအပြင် မြစ်ဆုံက သစ်ပင် ကြီးတစ်ပင်ပေါ်မှာ သူနားနေတယ်။ ကျီးကန်းမျက်စိမှိုလို့ ဟိုကြည့်ဒီကြည့် ကြည့်ရင်း ရေထဲမှာ တလိမ့်လိမ့်မျော ပါလာတဲ့ အရာကြီးတစ်ခုကို သူမြင်လိုက်သတဲ့။

"ဟာ . . ဘာကြီးပါလိမ့် "

ထင်ထင်ရှားရှား တွေ့ရတော့ သူအံ့သြသွား တယ်။

"ဟာ . . . ဆင်သေကောင်ကြီးပဲ"

ဆင်သေကောင်က လတ်လတ်ဆတ်ဆတ်ပဲ ရှိ သေးတယ်။ အကြီးကြီး၊ အကြာကြီးစားလို့ရတယ်။ သူ ဝမ်းမြောက်ဝမ်းသာနဲ့ ဆင်သေကြီးဆီ ထိုးဆင်းသွားတာ ပေါ့။ ဟိုတို့ဒီဆိတ်နဲ့ မြိန်ရေယှက်ရေ စားသောက်ရင်း ဆင်သေကောင်ကြီးနဲ့အတူ ပင်လယ်ဆီမျောပါသွားတော့ တယ်။

အဲဒီမြင်ကွင်းကို မြင်လိုက်တဲ့ ကျီးကန်းတချို့





ရှိတယ်။

"ဟာ . . ဒီကောင်တော့ ဒုက္ခပါပဲ"

"ဟုတ်ပါရဲ့ တော်တော်မိုက်တဲ့ကောင်ပဲ"

အဲဒီသတင်းက ကျီးကန်းတွေရဲ့ရွာထဲမှာ အုတ် အော်သောင်းတင်း ဖြစ်ကုန်တော့တယ်။ ဆင်သေနဲ့ အတူ ပါသွားတဲ့ ကျီးကန်းလေးကတော့ ဆင်သေအသားကို စားပြီး သူ့ဘာသာ ကျေနပ်အားရနေတယ်။ တဖြည်းဖြည်း ဆင်သေရဲ့အသားက ကုန်ခမ်းလာပြီး ကမ်းမမြင်လမ်း မမြင် အခြေအနေကို သုံးသပ်မိတော့မှ

"ဟာ . . ပြဿနာပဲ"

ဆင်သေက မကြာခင် လုံးလုံးလျားလျား ကုန် တော့မယ်။ အဲဒီအခါမှာ သူ့မှာ စားစရာလည်းမရှိတော့ ဘူး။ နားစရာလည်း မရှိတော့ဘူး၊ ဒေါင်လိုက်ပဲဖြစ်ဖြစ်၊ အလျားလိုက်ပဲဖြစ်ဖြစ် ပင်လယ်ကိုဖြတ်ပြီး သူ မကူးနိုင် ဘူး။

"ငါဘယ်လိုလုပ်ရပါ့မလဲ"

ကုသိုလ်ကံလေး နည်းနည်းကောင်းချင်တော့ တခြားတိရစ္ဆာန် အသေကောင်တွေ မျောလာတာနဲ့ ထပ်



www.burmeseclassic.com

www.burmeseclassic.com



တိုးတယ်။ တစ်ကောင်ပြီးတစ်ကောင်ပေါ် ခုန်တက်လို့ နားရင်းစားရင်း သူ့အသက်ကို ရသလောက် ဆွဲဆန့်နေရတယ်တဲ့။

ကျီးကန်းတွေရဲ့ရွာမှာတော့ သူ့အကြောင်းကို မေ့လျော့စပြုလာပါပြီ။ ကျီးမိုက်များရဲ့ စာရင်းထဲမှာ နာမည်သစ်တစ်ခုအနေနဲ့ပဲ သွင်းလိုက်ကြပါပြီ။ ဆင်သေကောင်မက်မောမိတဲ့ ကျီးကန်းအကြောင်းကို ပြောတိုင်း ဆရာမကြီးက သူ့ကို ဥပမာပြုပြီး ဆုံးမရတော့တာပေါ့။

အဲဒီလိုနဲ့ သုံးနှစ်လောက်အကြာမှာ. . .

"ဟင် . . . မင်း . . . မင်း ပြန်လာတယ်"

"ဟုတ်တယ်လေ၊ ကျွန်တော်ပြန်လာတယ်"

"မင်း . . မင်း ဆင်သေကောင်ကြီးနဲ့ ပါသွားတာ မဟုတ်လား"

"ဟုတ်တယ်လေ. . . အခုရွာကို သတိရလို့ပြန်လာတာ"

ဆင်သေကောင်နဲ့ပါသွားတဲ့ ကျီးကန်းလေးက ရွာကို ပြန်ရောက်လာပါတယ်။ အတက်ချီကေ့စ်ကိုဆွဲပြီး နိုင်ငံခြားဖြစ် အကောင်းစား မျက်မှန်နဲ့ အကောင်းစား





အဝတ်အစားတွေနဲ့ တစ်ကိုယ်လုံးကို ဖိတ်ဖိတ်တောက်လို့။

"ဘယ်လိုတွေဖြစ်သလဲကွာ နည်းနည်းရှင်းပြပါဦး"

ရွာသားကျီးကန်းတွေက သူ့ကို ဝိုင်းအုံပြီး မေးကြတယ်။ သူက စီးကရက်ကို ပါးစပ်မှာခဲပြီး အကောင်းစားမီးခြစ်နဲ့ ယောက်ကနဲ မီးညှိလိုက်တယ်။ ဘောင်းဘီပေါ်မှာတင်နေတဲ့ ဖုန်မှုန့်ကလေးကို တောက်ထုတ်ပြီး သူ့အကြောင်းတွေကို ရှင်းပြတယ်။

". . . . အဲဒီလိုနဲ့ဗျာ တစ်နေ့ကျတော့ ပင်လယ်ကူး သင်္ဘောတစ်စင်းနဲ့ ကျွန်တော်သွားတွေ့တယ်။ သူတို့က ကျွန်တော့်ကို လေကြောင်းအရာရှိအဖြစ် ခန့်အပ်လိုက်တယ်။ အဲ့ဒီလိုနဲ့ပဲ ကျွန်တော်လည်း ကမ္ဘာပတ်နေလိုက်တယ်။ ရွာကိုလည်း သတိရတာနဲ့ ဒီတစ်ခေါက်တော့ ဝင်ဖြစ်အောင် လှည့်ဝင်လာတာ။ မနက်ကပဲ လေယာဉ်ဆိုက်တာလေ"

နောက်တော့ သူ့ဆီမှာပါတဲ့ နိုင်ငံတကာ အသုံးအဆောင်ပစ္စည်းတွေကို လက်ဆောင်လိုက်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကား ပြန်ပြောကြ၊ လက်ဆောင်ပစ္စည်းတွေကိုပိုက်ပြီး အူမြူးကြနဲ့ အဲဒီညကဆို ကျီးကန်းတွေတစ်ရွာလုံး အိပ်လို့တောင်မရဘူးတဲ့။

မနက်မိုးလင်းတော့ ဆရာမကြီးက ကျောင်းကို ဖွင့်တယ်။

'ဂလောင် . . . ဂလောင် . . ဂလောင်'

ခေါင်းလောင်းခေါက်ပေမယ့် တပည့်တွေက ရောက်မလာဘူး။

"ဘယ်လိုဖြစ်တာပါလိမ့်"

ဆရာမကြီးဟာ ကြိမ်လုံးဆွဲပြီး သူ့တပည့်တွေကို ရွာထဲမှာလိုက်ရှာတယ်။ မတွေ့ဘူး။ တွေ့မယ်တွေ့တော့ ရွာအပြင်မြစ်ဆုံက သစ်ပင်ကြီးပေါ်မှာ။ သူ့တပည့်တွေ အားလုံး စီစီရီရီနားလို့။

ဆရာမကြီးက ဒေါသတကြီး မေးလိုက်တယ်။

"မင်းတို့ ခေါင်းလောင်းခေါက်တာကို မကြားဘူးလား"

အားလုံးက ပြန်ဖြေတယ်။

"မကြားလိုက်ပါဘူး"





"နေပါဦး၊ မင်းတို့က အဲ့ဒီမှာ ဘာလုပ်နေကြတာလဲ"

သည်တစ်ခါပြန်ဖြေတော့လည်း ညီတူညာတူပါပဲ။

"ဆင်သေကောင်ကို စောင့်နေတာ"

❑



www.burmeseclassic.com

www.burmeseclassic.com

# ၃။ တစ်ခါတုန်းကလေးသည်တော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းကပေါ့။ အလွန်နက်ရှိုင်းတဲ့ တောအုပ်ကြီးတစ်ခုရှိတယ်။ အဲဒီတောအုပ်ကြီးရဲ့ အနီးအပါးမှာ အတန်အသင့် စည်ကားတဲ့ မြို့တစ်မြို့ရှိတယ်။ မြို့ကလေးက လျှို့ဝှက်သိပ်သည်းတယ်။ အနေအထိုင် ကျစ်လျစ်တယ်။ အဲဒီမြို့ကလေးကိုမှ တစ်နေ့မှာ ထူးခြားတဲ့ လူတစ်ယောက် ရောက်လာတယ်။

အဲဒီလူဟာ နက်မှောင်ရှည်လျားတဲ့မျက်ခုံးတွေရှိပြီး လေးနဲ့မြားကို လွယ်ထားတယ်။ မြို့ကလေးရဲ့ အစွန်ဘက်မှာ အိမ်တစ်လုံးဆောက်ပြီး သူ့ဖာသာ သီးသန့်နေတယ်။ မြို့သူမြို့သားတွေနဲ့ အဆက်အဆံ မလုပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံလုံလောက်တဲ့ ငွေကြေးဥစ္စာ ရှိပုံလည်းရပါရဲ့။ ဘာ အလုပ်မှလည်း မလုပ်ဘူး။ တစ်နေ့တစ်နေ့ သူဟာ သူ့ခြံထဲ မှာ မြားပစ်လေ့ကျင့်တာနဲ့ပဲ အချိန်ကုန်နေတယ်။

မြို့သူမြို့သားတွေက သူ့ကို စိတ်ဝင်စားကြတယ်။ အထင်လည်းကြီးတယ်။ ဒါပေမဲ့ သူ့အကြောင်းကို ဘယ် သူကမှလည်း မသိကြဘူး။ သိရအောင် ချဉ်းကပ်ကြိုးစား သူတွေကလည်း မအောင်မြင်ဘူး။ ဒါပေမဲ့ အဲဒီလေးသည် တော်ကြီးဆီကို မသွားမဖြစ် သွားရမယ့် ကိစ္စတစ်ခုက ကြုံလာတယ်။ တောအုပ်လိုဏ်ဂူထဲက နဂါးကြီးနဲ့ ပတ် သက်ပါတယ်။

မြို့ပြင်ထွက်ပြီး ထင်းခွေ၊ ယာလုပ်တဲ့သူတွေဟာ အဲဒီနဂါးရဲ့ ဒုက္ခပေးမှုကို အကြီးအကျယ် ခံနေရတယ်။ သေသူသေ၊ ပျောက်သူပျောက်၊ ဒုက္ခိတဘဝ ရောက်သူက ရောက်နဲ့ပေါ့။ အဲဒီနဂါးကြီးကို ချေမှုန်းနိုင်ဖို့အတွက် သူရဲကောင်းကို မျှော်မြင်ကြည့်ရာမှာ တစ်မြို့လုံးက အဲဒီ လေးသည်တော်ကြီးကိုပဲ အာရုံရကြပါတယ်။

"လေးသည်တော်ကြီး ကျွန်တော်တို့ကို ကူညီပါ"

". . . . ."





"တောထဲက နဂါးကြီးကို ချေမှုန်းပေးပါ"

". . . . ."

သူတို့တွေ ဘယ်လိုပြောပြော လေးသည်တော် ကြီးက ဘာမှပြန်မပြောဘူး။ မျက်နှာသေကြီးနဲ့ပဲ ငြိမ်သက် နေတယ်။ မြို့သူမြို့သားတွေ စိတ်ပျက်ပြီး ပြန်သွားကြရ တယ်။ နဂါးကြီးရဲ့ အန္တရာယ်ကလည်း ဆိုးသည်ထက် ဆိုးလာတယ်။ လေးသည်တော်ကြီးဆီကိုပဲ သူတို့ ဒုတိယ အခေါက်လာပြီး တောင်းဆိုကြရပြန်တယ်။

"လေးသည်တော်ကြီး ကျွန်တော်တို့ကို ကူညီပါ"

". . . ."

"တောထဲက နဂါးကြီးကို ချေမှုန်းပေးပါ"

ဒီတစ်ခါလည်း ပထမ တစ်ခါတုန်းကလိုပါပဲ၊ လေးသည်တော်ကြီးက 'အင်း' မလုပ်၊ 'အဲ'မလုပ် လုပ်နေ တယ်။ သူတို့ကိုပဲ ခပ်စူးစူး ပြန်ကြည့်နေတာကြောင့် စိတ်လျှော့ပြီး ပြန်ခဲ့ကြရတယ်။

နဂါးကြီးက ဆိုးသည်ထက်ဆိုးလာတယ်။ တစ်မြို့ လုံးလည်း နေလို့ထိုင်လို့မရတော့ဘူး။ ရှသွင်းလိုက်တဲ့ လေကတောင် နှာခေါင်းထဲမှာ ယောက်ယက်ခတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ကြံရာမရတဲ့အဆုံးမှာ လေးသည်တော်ကြီးဆီကိုပဲ တတိယအကြိမ် ပြန်သွားရပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ ထူးခြားပါတယ်။ လေးသည်တော်ကြီးက . . . .

"ဘာမှမပြောနဲ့တော့"

သူတို့ကို လက်ကာပြပြီး လေးနဲ့မြားဆွဲပြီးတော့ တောထဲဝင်သွားတယ်။ မြို့သူမြို့သားတွေအားလုံး ဝမ်းသာအားရဖြစ်ကုန်ကြတယ်။ သူတို့အတွက် အခက်မကြုံရတော့ဘူးပေါ့။

အမှန်ဆို အခက်ကြုံရတာက လေးသည်တော်ကြီးပါ။ သူ့မှာ ဟိတ်ဟန်သာရှိတယ်၊ ဘာအရည်အချင်းမှ မရှိဘူး။ သူ လေးနဲ့ချိန်ရွယ် ပစ်ခတ်တိုင်းမှာ မြားဟာ ပစ်မှတ်ကိုတစ်ခါမှ မမှန်ဘူး။ အရင်နေတဲ့မြို့မှာ ပေါ်တာကြီးဖြစ်လာလို့ ဒီမြို့မှာ လာဇာတ်မြှုပ်နေတာ။ ခုတော့ ဒုက္ခပေါ့။

လေးသည်တော်ကြီးဟာ နဂါးကြီးရှိတဲ့ တောတွင်းလိုဏ်ဂူဆီကို မရောက်ရောက်အောင် ခရီးထွင်သွားပါတယ်။ တွေ့မယ့်တွေ့တော့ နဂါးကြီးနဲ့ မျက်နှာချင်းဆိုင်တွေ့တယ်။





'ဝှစ် . . . ဝှစ် . . . ဝှစ် . . ဝှစ်'

သူ့မှာပါလာတဲ့ မြားတွေနဲ့ အလျှင်အမြန်ပစ်ခတ်လိုက်တယ်။ ထုံးစံအတိုင်း တစ်ချက်မှ မထိဘူး။ နဂါးကြီးတောင် ကြောင်အမ်းအမ်း ဖြစ်သွားတယ်။ ပြီးမှ ဒေါသထွက်ပြီး လေးသည်တော်ကြီးဆီ 'ရှူး' ခနဲ ခုန်ပျံရောက်ရှိလာတယ်။ လေးသည်တော်ကြီး မျက်လုံးတွေပြာဝေပြီး ကိုယ့်ကိုယ်ကို သေပြီလို့ အောက်မေ့မိတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ 'ဝုန်း' ဆို မီးခိုးလုံးကြီးပေါ်လာပြီး နဂါးကြီးနဲ့ သူနဲ့တစ်နေရာစီ ဝေးသွားတယ်။ ဆန်းကြယ်တဲ့ပုဂ္ဂိုလ်တစ်ဦးက သူ့ကို ကယ်လိုက်တာပါ။

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်ကို ကယ်တဲ့အတွက်"

လေးသည်တော်ကြီးက အဲဒီလိုပြောတော့ ဆန်းကြယ်တဲ့ပုဂ္ဂိုလ်ကြီးက ခပ်ပြုံးပြုံးပြန်ပြောတယ်။

"ကျုပ်ကသာ ခင်ဗျားကို ကျေးဇူးတင်ရမှာပါ။ ကျုပ်က ပစ်မှတ်ကို စောင့်နေတဲ့နတ်ပါ"

နှစ်ယောက်သား ဝမ်းသာအယ်လဲနဲ့ နှုတ်ဆက်နေကြတုန်း 'ခွပ် . . ခွပ်'ဆိုတဲ့ အသံနဲ့အတူ အထိုးခံရပြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး လဲကျသွားတယ်။ ဆန်းကြယ်တဲ့ပုဂ္ဂိုလ် နောက်တစ်ဦး ရောက်လာတာကိုး။

"အမြင်ကတ်လို့ ဝင်ထိုးတယ်ကွာ ဘာဖြစ်လဲ၊ ငါက မြားကိုစောင့်တဲ့နတ်ကွ"

"ငါအထိုးခံရတာကို မကျေနပ်ဘူးကွ"

ပစ်မှတ်ကိုစောင့်နေတဲ့နတ်က အဲလို ပြန်ကြုံး ဝါးပြီး သတ်ရင်းပုတ်ရင်း . . သူတို့တွေ ပြန်ပျောက်ကွယ် သွားကြတယ်။

ထပ်ပြီး အခက်ကြုံရတာက လေးသည်တော်ကြီး ပါ။ ဘယ်ရောက်နေမှန်းမသိ။ ဘယ်ပြန်ရမှန်းမသိ။ ဘာတွေဖြစ်သွားမှန်းလည်းမသိ။ တစ်ယောက်တည်း ယောင်တိယောင်ချာ။ ယောင်တိယောင်ချာ။

ပုံပြင်ကလေးကတော့ဒါပါပဲ။ နဂါးကြီးလည်း နေလို့မှကောင်းရဲ့လားမသိဘူး။


❑



# ၄။ တတိယမြောက်နည်းပရိယာယ်

www.burmeseclassic.com

www.burmeseclassic.com



'ရိစ် . . . ယား '

ရှောင်လင်ကျောင်းတော်ဆီက မဟုတ်ပါဘူး။ ယုန်တို့ရဲ့ ကိုယ်ခံပညာလေ့ကျင့်ရေးကျောင်းဆီကပါ။ ယုန်သူငယ်အပေါင်းက အခုန်အပျံ လေ့ကျင့်နေကြတယ်။ ဆရာယုန်အိုကြီးက ခေါင်းတညိတ်ညိတ်နဲ့ လိုက်လံကြည့်ရှုရင်း လိုအပ်တာတွေကို ပြင်ဆင်ပေးနေတယ်။ သူတို့ရဲ့လေ့ကျင့်မှုအဆုံးမှာ . . . .

"ကဲ . . မင်းတို့ရဲ့လက်တွေ့လေ့ကျင့်ခန်းကတော့ ပြီးဆုံးသွားပြီ။ ဒီကနေ့ ဒီမှလောက်ပဲ။ စာတွေ့လေ့ကျင့်ခန်းကို ဆက်ကြမယ်"

ရွှေအိမ်မှုန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယုန်ဆရာအိုကြီးက ကျောက်သင်ပုန်းကြီးရှေ့မှာ ယုန်ဘာသာစကားနဲ့ စာတချို့ကိုရေးလိုက်ပြီး . . . .

"ကဲ . . ဒီနေ့ မင်းတို့ကို သင်ပေးမှာကတော့ တတိယမြောက်နည်းပရိယာယ်ပဲ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ခြင်္သေ့နဲ့ တွေ့ရင် ရင်ဆိုင်နည်းပဲ"

ယုန်သူငယ်ကလေးတစ်ယောက်က အတွန့်တက်တယ်။

"ဆရာကြီး၊ ခြင်္သေ့လို တောအုပ်ဘုရင်ကြီးက သားကောင်ကြီးကိုပဲ ဖမ်းစားမှာပေါ့၊ ကျွန်တော်တို့လို ပိစိကွေးလေးသတ္တဝါတွေကို ဘယ်ဖမ်းစားပါ့မလဲ"

ယုန်ဆရာအိုကြီး စိတ်တိုသွားတယ်။

"တော် . . တန် . . တိတ်၊ ဘဝမှာ ဒါမျိုးလည်း ကြုံရတတ်တာပဲ၊ တတ်ထားကျွမ်းကျင်ထားရမယ်။ ခြင်္သေ့ကိုတောင် ရင်ဆိုင်နိုင်ရင် တခြား ဘယ်သူ့ကို မှုရတော့မှာလဲ"

ယုန်သူငယ်တွေအားလုံး ငြိမ်သက်သွားတယ်။ ယုန်ဆရာအိုကြီးက သင်ခန်းစာကို ဆက်တယ်။





"တစ်နေ့မှာ ယုန်တစ်ကောင်ဟာ ခြင်္သေ့အစားခံရကိန်းနဲ့ ကြုံတယ်။ အဲဒီအခါမှာ ယုန်ကပြောတယ်။ ခုနကပဲ ခြင်္သေ့မင်းကြီး ကျွန်တော့်ကိုလွှတ်ပေးလိုက်ပြီ မဟုတ်လား။ ခုဘာလို့ ပြန်ဖမ်းရတာလဲတဲ့။ ခြင်္သေ့ကြီးက အံ့ဩသွားတယ်။ မင်းကိုငါ ဘယ်တုန်းက ဖမ်းပြီး ဘယ်တုန်းက လွှတ်ပေးခဲ့လို့တုန်းလို့မေးတယ်"

ယုန်သူငယ်တွေအားလုံး စိတ်ဝင်တစား နားထောင်နေကြတယ်။

"အဲဒီမှာ ယုန်က ခုနတုန်းက ဟိုနေရာမှာလေ ဆိုပြီး ခြင်္သေ့ကို ရေတွင်းတစ်ခုဆီ ဖြားယောင်းခေါ်ဆောင်သွားတယ်။ ရေတွင်းထဲကိုပြတယ်။ ခြင်္သေ့ကြီးက ငုံ့ကြည့်တော့ ရေတွင်းထဲက သူ့အရိပ်ကိုမြင်တယ်။ ဒေါသတွေ အရမ်းထွက်တော့တာပေါ့။ သူ့ပိုင်နက်ထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ နောက်ထပ်ခြင်္သေ့တစ်ကောင်ပဲလို့ ထင်ပြီး ခုန်အုပ်လိုက်တယ်။ ရေတွင်းထဲမှာ ရေနစ်သေတော့တာပေါ့။ ယုန်က လွတ်မြောက်သွားတယ်"

သူ့စကားကို နားထောင်နေတဲ့ ယုန်သူငယ် အပေါင်းက ဝမ်းသာအားရဖြစ်သွားတယ်။ ယုန်ဆရာအို



www.burmeseclassic.com

www.burmeseclassic.com



ကြီးက အဲဒီလိုအဖြစ်အပျက်ကို ရှုထောင့်အမျိုးမျိုးကနေ သရုပ်ခွဲပြီး သီအိုရီအမျိုးမျိုးနဲ့ ရှင်းလင်းသင်ကြားပေးတယ်။ အချိန်စေ့မှ ကျောင်းဆင်းတယ်။

ယုန်ဆရာအိုကြီးဟာ ယုန်သူငယ်အပေါင်းကို အဲဒီလိုသင်ကြားပေးခဲ့တာ ကာလကြာပါပြီ။ ယုန်တို့ တတ်အပ်သောပညာတွေအတွက်ဆိုရင် သူဟာဂုရုတစ်ဆူပါပဲ။ မနက်ခင်းဆို တောထဲမှာ လမ်းလျှောက်ထွက်တတ်တယ်။ မနက်ခင်းတစ်ခုမှာ ထုံးစံအတိုင်း သူလမ်းလျှောက်ထွက်လာရင်း. . .

"ဩော်. . . မင်းက ငါ့ရှေ့တည့်တည့် ရောက်လာတာကိုး"

ကြည့်လိုက်တော့ ခြင်္သေ့ကြီးတစ်ကောင်။ ယုန်ဆရာအိုကြီးရဲ့ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတယ်။ သူများကို သင်မယ့်သာ သင်ပေးတာ၊ သူကိုယ်တိုင် တွေ့တော့လည်း ကြောက်တာပဲ။ တုန်နေတဲ့ဒူးကို အနိုင်နိုင် ထိန်းရင်း ကပျာကယာ ပြောလိုက်တယ်။

"ကျွန်တော့်ကို စားဖို့မကြိုးစားပါနဲ့တော့ ခြင်္သေ့ကြီး၊ ဟိုထောင့်နားက ခြင်္သေ့ကြီးတစ်ကောင်က ကျွန်တော့်





ကို စားဖို့ စာရင်းတို့ထားပြီးလို့ပါ"

"ဘယ်ထောင့်နားက ခြင်္သေ့ကြီးလဲ။ ငါ မသိပါလား၊ လိုက်ပြစမ်း"

ယုန်ဆရာအိုကြီးဟာ ခြင်္သေ့ကို ရေတွင်းတစ်ခုဆီ မျှားခေါ်သွားတယ်။

"အဲဒီရေတွင်းထဲမှာရှိပါတယ်"

ခြင်္သေ့ကြီးက ရေတွင်းထဲ ငုံ့ကြည့်လိုက်တယ်။ ဒါပေမယ့် ယုန်ဆရာကြီးရဲ့ ညွှန်ကြားချက်လို သူ့အရိပ်ကို ခုန်မအုပ်ဘူး။ ဇဝေဇဝါနဲ့ ကြည့်ရင်း

"ဒီကောင့်ကို ငါမြင်ဖူးသလိုလိုပဲ"

ရေတွင်းထဲက ပဲ့တင်ထပ်သံ ပြန်လာတာပေါ့။

"ဒီကောင့်ကို ငါမြင်ဖူးသလိုလိုပဲ"

"ငါ့မိတ်ဟောင်းဆွေဟောင်းထင်တယ်"

ရေထဲက ခြင်္သေ့အရိပ်ကလည်း ပါးစပ်လှုပ်ပြီး

"ငါ့မိတ်ဟောင်းဆွေဟောင်းထင်တယ်"

ပျော်မြူးသွားပြီး ရေတွင်းအပြင်က ခြင်္သေ့က ရေတွင်းထဲက ခြင်္သေ့ကို ပြုံးပြတယ်။ ရေတွင်းထဲက ခြင်္သေ့ကလည်း တစ်ပြိုင်တည်း ပြုံးပြတယ်။ ခြင်္သေ့ကြီးက ယုန်



www.burmeseclassic.com

www.burmeseclassic.com



ဆရာအိုကြီးဘက်ကို လှည့်ပြီး

"ဟုတ်တယ်ကွ၊ ငါ့မိတ်ဆွေ ငါ့ဆီလာလည်တာ၊ သူ မင်းကိုစားမယ်ဆို စားပါစေတော့"

ယုန်ဆရာအိုကြီးကို ဂုတ်ကဆွဲပြီး ရေတွင်းထဲပစ်ချလိုက်သည်။ ယုန်ဆရာအိုကြီး ရေတွင်းထဲကို 'ဗွမ်း' ခနဲကျသွားပြီး ဂယက်တွေကြားမှာ ခြသေ့်အရိပ်ကလည်း ပျောက်သွားတယ်။

"တော်တော်မြန်တဲ့ကောင်၊ ယုန်တစ်ကောင်ရတာနဲ့ ပျောက်သွားရော"

ခြင်္သေ့ကြီး ကြည်ကြည်နူးနူး ပြန်လှည့်ထွက်လာခဲ့တယ်။ ပါးစပ်ကလည်း တတွက်တွက်ရေရွတ်သွားလေရဲ့။

"အြော်. . . ညည်သည့်ကို ညည့်ခံရတာ အိမ်ရှင်အတွက် မင်္ဂလာတစ်ပါးပါလားနော်"

❑



# ၅။ လူညံ့သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ရွာတစ်ရွာမှာ အလွန်ကပ်စေးနဲ့တဲ့ အဘိုးကြီးတစ်ယောက်ရှိသတဲ့။ သူ့မှာ သမီးနှစ်ယောက်ရှိသတဲ့။ သမီးတွေအရွယ် ရောက်နေပြီဖြစ်လို့ အိမ်ထောင်ပြုဖို့ကိုစဉ်းစားကြပြီ။ အဘိုးကြီးကလည်း သမက်ရွေးချယ်ပွဲကြီးစရပြီ။ ဒါပေမဲ့ သူက ကပ်စေးနဲ့လွန်းသူဖြစ်တော့ တော်ရုံတန်ရုံ သမက်လောင်းတွေဟာ (တော်ရုံတန်ရုံသာ သုံးဖြုန်းတတ်သူတွေ ဖြစ်ပေမယ့်) အဘိုးကြီးနဲ့ အဆင်မပြေဘူးပေါ့။

တဖြည်းဖြည်းနဲ့တော့ အဆင်ပြေသွားပါတယ်။ တစ်နေ့မှာ အဘိုးကြီးက သမီးအကြီးကိုခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအကြီး၊ သမီးအတွက် သတို့သားလောင်းရှာတွေ့ပြီ၊ ဒီကောင်က ဆီးသီးတစ်ဘူးဝယ်ပြီးရင် တစ်နေ့လုံးမှာမှ ဆီးသီးတစ်ခြမ်းတည်းကိုပဲ အရသာခံပြီး စားတဲ့ကောင်တဲ့၊ တော်တယ်သမီးနဲ့ ပေးစားမယ်"

နောက်တော့ သမီးငယ်ကိုခေါ်တယ်။

"သမီးငယ်၊ ဒီကောင်က လုံချည်တစ်ထည်ကိုဝယ်ပြီးရင် ခြောက်ပိုင်းခွဲလိုက်တာတဲ့၊ ပြီး . . . ကုလားတွေလန်ကွတ်တီ ဝတ်သလိုပဲ ဝတ်တာ၊ ဖေဖေ ဘဝင်ကျတယ်၊ သမီးနဲ့ ပေးစားမယ်"

အဲဒီလိုနဲ့ သမီးနှစ်ယောက်ဟာ သူတို့ရဲ့ လင်ယောကျ်ားတွေနဲ့ လိုက်သွားရတယ်။ ရက်မှနေ့ လတွေကူးတယ်။ သူတို့တွေ အားလုံးပြန်ဆုံမယ့်နေ့တစ်နေ့ကိုရောက်လာတယ်။ သူတို့လူမျိုးတွေရဲ့ ရိုးရာအတိုင်း မိဘ၊ ယောက္ခမ၊ ဆရာသမား စသူတွေကို ကန်တော့ရတဲ့နေ့ပေါ့။

အဲ့ဒီကာလ၊ အဲ့ဒီနေ့ရက် ရောက်ခါနီးမှာ သမက်လောင်း နှစ်ယောက်ဟာ စိတ်ကသိကအောက်ဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်း သွားကန်တော့လို့





မရဘူးလေ။ လက်ဆောင်ပစ္စည်းတွေပါရတယ်။ များလေကောင်းလေပဲ။ အစဉ်အလာအရဆိုရင် အဲ့ဒီကန်တော့ပွဲတွေမှာ ကြက်၊ ဝက် ၊ ဘဲ ၊ သစ်သီးဝလံတွေနဲ့အတူအရက်ပါ ပါရတယ်။ နောက်လက်ဆောင်တွေကိုတော့ထည့်ချင်သလိုထည့်။

"တစ်နှစ်လုံး ကုပ်ကပ်စုဆောင်းခဲ့သမျှ ဒီပွဲမှာပြန်ထွက်ရတော့မှာလား"

ကပ်စေးနှဲတဲ့ သမက်နှစ်ယောက်စလုံးဟာ ဒီပြဿနာကို ဘယ်လိုကျော်လွှားမလဲ ဆိုတာကို အကြံထုတ်ကြတယ်။ နောက်တော့လည်း အဲဒီနေ့ကို ကြုံရတော့တာပါပဲ။ ကပ်စေးနှဲတဲ့ ယောက္ခမကြီးကို ကပ်စေးနှဲတဲ့ သမက်နှစ်ယောက်က ကန်တော့ကြတယ်။ ပြီး သူယူလာတဲ့ လက်ဆောင်ကို သမက်အကြီးက ထုတ်ပေးတယ်။

"ဒီနှစ်တော့ ကျွန်တော့်စီးပွားရေး အဆင်မပြေလို့ ကြက်၊ ဝက်၊ ဘဲ၊ သစ်သီး သစ်နှံနဲ့ အရက်ပြည့်တကောင်းအိုးတစ်လုံးကိုပဲ ယူလာနိုင်ပါတယ်။ လက်ခံပါ"

သူထုတ်ပေးတာက အဲ့ဒါတွေကို ပုံဆွဲထားတဲ့ ခပ်ညံ့ညံ့ ပန်းချီကားတစ်ချပ်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး (ယောက္ခမကြီး) က လက်ခံပါတယ်။ သမက်အငယ်ကလည်း . . . .

"ကျွန်တော်ပေးနိုင်တာကလဲ အဲဒီလောက်ပါပဲ"

ဒီလိုပြောပြီး အဘိုးကြီးရှေ့က ကြမ်းပြင်ပေါ်မှာ အဲ့ဒီအရုပ်တွေကိုပဲ ဝှက်ယူလာတဲ့ မီးသွေးခဲနဲ့ ဆွဲပြလိုက်တယ်။ အဘိုးကြီးကလည်း ပြုံးပြုံးကြီး လက်ခံပါတယ်။ ပြီးမှ . . .

"မင်းတို့ရဲ့ သိတတ်မှုကို ငါကလည်း တုံ့ပြန်ရမှာပေါ့ကွယ်"

စကားအဆုံးမှာ လက်တွေကို လေထဲမှာ အရက်ငှဲ့တဲ့ဟန် လှုပ်ရှားလိုက်တယ်။ ပြီးတော့ သမက်နှစ်ယောက်ကိုလည်း အရက်ခွက် ကမ်းပေးဟန်ပြုတယ်။ သမက်နှစ်ယောက်မှာလည်း လှမ်းယူဟန်ပြုတယ်။ မော့သောက်ဟန်ပြုရတာပေါ့။

အဲဒီကန်တော့ပွဲက ပြန်လာချိန်မှာ သမက်အကြီးဟာ စိတ်ထဲမှာ မကောင်းဘူး။

"ဩော် . . . ငါ့ကိုယ်ငါ ကပ်စေးနဲ့လှပြီ အောက်မေ့တာ သူတို့ နှစ်ယောက်ကို မမီပါလားနော်။ ငါ . . ငါ . . . တော်တော်ညံ့တဲ့ ငါပါလား"

သမက်အငယ်ဆုံးကလည်းစိတ်ထဲမှာ တနုံ့နုံ့နဲ့ . .

"ဩော် . . . ငါ့ကိုယ်ငါ ကပ်စေးနဲ့လှပြီ အောက်မေ့တာ၊ ယောက္ခမကြီးကို မမီပါလားနော်။ ငါ . . ငါ. . . တော်တော်ညံ့တဲ့ ငါပါလား"

နောက်တစ်နေ့မနက်မှာ အဘိုးကြီးရဲ့ သမီးနှစ်ယောက်ဟာ ငိုကြီးချက်မနဲ့ အဘိုးကြီးဆီကို ရောက်လာကြတယ်။ အဘိုးကြီး မျက်လုံးပြူးသွားတယ်။

"ဟဲ့ . . . ဟဲ့ . . . ဘာဖြစ်လာကြတာတုန်း"

"အဖေ့သမက်တွေပေါ့ သမီးတို့ကို ရိုက်တယ်"

"ဟေ . . ဘာကြောင့်လဲ"

"အဖေ့ကြောင့်ပေါ့ . . ."

"ဟ . . . ဘာဖြစ်လို့လဲ"

"ညတုန်းက အဖေ သူတို့ကို အရက်အများကြီး တိုက်လိုက်တာကိုး။ အိမ်ပြန်ရောက်တော့ သူတို့ကမူးပြီး ရမ်းပြီး ကျွန်မတို့ကို ရိုက်တော့တာပဲ"




ရွှေအိမ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . ."

အဘိုးကြီးရဲ့ မျက်နှာက သံဝေဂကြီးစွာ ရသွားသလိုပါပဲ။

"ငါ . . . ညက သူတို့ကို အရက်အများကြီး တိုက်လိုက်မိသလား၊ ငါ . . မကောင်းဘူး။ ငါ. . မကောင်းဘူး"

"အဖေမကောင်းတာတော့ မဟုတ်ဘူး။ သူတို့ မကောင်းတာပါ အမှန်ဆိုရင် . . . "

"သူတို့က ဘာပြောသလဲ"

"သူတို့က အဖေ့ကြောင့်လို့ပဲပြောတာပဲ"

"အဖေ မကောင်းဘူး သမီးတို့ရယ် . . . အဖေ မကောင်းဘူး"

"ဘာဖြစ်လို့လဲ အဖေရဲ့"

"လေထဲကယူပြီးတိုက်တဲ့ အရက်ကိုတောင် ဘယ်လောက်ကြီးတဲ့ခွက်နဲ့ တိုက်လိုက်မိသလဲ မသိဘူး။ ငါ့ကိုယ်ငါ ကပ်စေးနဲလှပြီ အောက်မေ့တာ . . ဪ . . ငါ . . ငါ . . . တော်တော်ညံ့တဲ့ကောင်ပါလား။ အတော်ပါသွားပြီပဲ"





ကဲ . . . ပုံပြင်ကတော့ ပြီးဆုံးသွားပါပြီ။

ကျွန်တော်တို့ကော သူတို့လို ညံ့ခဲ့ဖူးသလား၊ ညံ့ပြနိုင်သလား၊ စဉ်းစားကြည့်ကြဖို့ပါပဲ။

❑




www.burmeseclassic.com

www.burmeseclassic.com

## ၆။ သက်တူရွယ်တူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဟိမဝန္တာတောတန်းရဲ့ ညောင်ပင်ကြီး တစ်ပင်အောက်မှာ ဆင်ကြီးတစ်ကောင်နေတယ်။ သစ်ကိုင်းပေါ်မှာ မျောက်၊ သစ်ပင် ထိပ်ဖျားမှာ ခါတို့နေကြတယ်တဲ့။

အဲဒီသစ်ပင်ကြီးကို အမှီပြုပြီး အတူတကွနေထိုင်ကြပေမယ့် သူတို့ချင်း မသင့်မြတ်ကြဘူး။ ပြောရရင်တော့ 'မတည့်အတူနေ' တွေပေါ့။ တစ်နေ့မှာ သူတို့ရဲ့ သစ်ပင်ကြီး အောက်ဆီကို အလွန်လှပမွှေးမြတဲ့ သစ်သီးတစ်လုံး ပြုတ်ကျလာတယ်။ ပိုင်ဆိုင်မှုဟာ အပြိုင်ဖြစ်နေတယ်။ အဲဒီတော့ မျောက်ကပြောတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း ငါတို့ထဲက အသက်အကြီးဆုံးသူကို ဦးစားပေးမယ်ကွာ၊ သူအရင်စားပြီးမှ သူ့ထက်ငယ်သူစား၊ နောက်ဆုံးကျမှ အငယ်ဆုံးက စားပေါ့ကွာ"

"ဒါဖြင့် အသက်ကို တွက်ကြည့်ကြရအောင်"

ရိုးအလှတဲ့ ဆင်ကြီးက အရင်စပြောတယ်။

"ငါ ဆင်ပေါက် ငယ်ငယ်လေးတုန်းက ဒီညောင်ပင်ဟာ ငါ့ဗိုက်အောက်တိုတောင် မထိသေးဘူး"

မျောက်ကပြောတယ်။

"ငါထိုင်တက်ခါစ အရွယ်မှာပဲ ဒီညောင်ပင်ရဲ့ အညွန့်တွေကို လှမ်းဆွဲကစားခဲ့တာ"

ခါကပြောတယ်။

ဒီညောင်ပင်က ငါမစင်စွန့်လို့ပေါက်တဲ့ ညောင်ပင်ကွ၊ အစက ဒီမှာတောင်မရှိဘူး"

အဲဒီတော့ ခါက သူတို့သုံးယောက်ထဲမှာ အသက်အကြီးဆုံး ဖြစ်သွားတော့တာပေါ့။ မျောက်က အလတ်၊ ဆင်က အငယ်ဆုံး။ အဲဒါ အဆုံးအဖြတ်ပဲ။

ဆင်က အငယ်ဆုံးဖြစ်နေတော့ သက်ပြင်းချရင်း ပြောတယ်။





"အဲဒါဆိုရင်လည်း ဒီသစ်သီးကို အစ်ကိုကြီးခါက အရင်စားပါ၊ ဦးဦးဖျားဖျား ဦးချရတာပေါ့၊ ပြီး အစ်ကိုလတ်ဖြစ်တဲ့ မျောက်က ဆက်စားပေါ့။ ခင်ဗျားတို့စားပြီး ကျန်တာကိုမှ အငယ်ဆုံးဖြစ်တဲ့ ကျွန်တော်က စားပါ့မယ်"

ခါက တဟားဟားရယ်တယ်။ မျောက်ကလည်း လိုက်ရယ်တယ်။ ဆင်ကြီးမှာတော့ မျက်နှာငယ်ကလေးနဲ့၊ ရယ်လို့အားရတဲ့ အဆုံးမှာ ခါက သစ်သီးကို စ,စားတယ်။

'ဂစ်'

တစ်ချက်နှစ်ချက်ပဲ မြုံချရသေးတယ်။ ခါဟာ တစ်ကိုယ်လုံး ပြာနှမ်းပြီး သေဆုံးသွားတယ်။ အသက်ကြီးတယ်ဆိုပြီး ဦးဦးဖျားဖျား စားချင်တဲ့ခါကတော့ ( အရပ်စကားနဲ့ပြောရရင် ) 'ကြွ' သွားပါပြီ။ မျောက်မှာ (နဂိုမှ ဂဏ္ဍာမငြိမ်ရတဲ့ ကြားထဲ) ထိုင်ရမလို ထရမလိုဖြစ်ပြီး

"ဒါ . . ဒါ အဆိပ်သီးပဲကွ"

"အင်း . . ."

"ဒါဖြင့်လည်း လွှင့်ပစ်လိုက်ရအောင်ကွာနော်၊ ဘာဖြစ်လို့ စားနေတော့မှာလဲ။ မင်းနဲ့ငါ ကြားမှာလည်း အကြီးအငယ် မခွဲခြားပါနဲ့တော့။ သက်တူရွယ်တူတွေလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားကြတာပေါ့ကွာ. . နော်. . . နော် . . . နော်”

သစ်ကိုင်းတွေကို လေတိုးသံက ‘ရှဲ’ခနဲ မြည်သွားပါတော့တယ်။

❑



# ၇။ နတ်မင်းရယ်သံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရွာတစ်ရွာရဲ့ နံဘေး အနီးအနား တောစပ်မှာ ကြီးမားတဲ့ ညောင်ပင်ကြီးတစ်ပင်ရှိတယ်တဲ့။ အဲ့ဒီညောင်ပင်ကြီးအောက်မှာ အနှစ်နှစ်အလလက တည်ထားပုံရတဲ့ နတ်ကွန်းကြီးလည်းရှိတယ်။ ရွာသူရွာသား တွေကလည်း အစဉ်အလာအရ အဲဒီနတ်ကွန်းကြီးကို ပူဇော်ပသကြပါတယ်။

ရွာကတော့ စည်ကားတဲ့ ရွာကြီးပေါ့။ မြို့တွေနဲ့ ဆက်သွယ်ဖို့ ဖောက်လုပ်လက်စလမ်းလည်းရှိတယ်။ ဒါပေမဲ့ လူမညီတော့ လမ်းကမပြီးဘူး။ အဲဒီလမ်းကိုလည်း မသုံးကြဘူး။ နတ်ကွန်းရှေ့က ဖြတ်ပြီး တောလမ်းအတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မြို့တွေဆီကို သွားကြလာကြတယ်။

တစ်နေ့မှာ ရွာသားကြီးတစ်ယောက်ဟာ သူ့သားကို မြို့မှာ ကျောင်းထားဖို့အတွက် သားလက်ကိုဆွဲပြီး တောလမ်းအတိုင်း တက်လာတယ်။ နတ်ကွန်းရှေ့က အဖြတ်မှာ နတ်ကြီးကထရပ်တယ်။ ဖခင်ဖြစ်တဲ့ ရွာသားကြီးဟာ အံ့ဩတာနဲ့အမျှ ပီတိလည်းပွားရတယ်။

"ငါ့သားဟာ အထွတ်အထိပ်ရောက်မယ့် သားပဲ။ နတ်ကြီးကတောင် မတ်တပ်ရပ်ပြီး အရိုအသေပေးရတယ်"

မြို့တော်ကကျောင်းမှာ သားကိုထားခဲ့ပြီး မျှော်လင့်ချက်တွေလည်း ကြီးမားခဲ့တယ်။ အဲဒီလိုနဲ့ နှစ်တွေကြာသွားတယ်။ သားက ရွာကို ပြန်လာတဲ့အခါမှာလည်း နတ်ကွန်းရှေ့ရောက်ရင် နတ်ကြီးက ထရပ်ပေးဆဲပါပဲ။ တစ်နေ့မှာတော့ မြို့တော်ကရောက်လာတဲ့ ဧည့်သည်တွေဆီကနေ သားဖြစ်သူရဲ့ သတင်းကို ဖခင်ရွာသားကြီး ကြားရပါတော့တယ်။

"ခင်ဗျားရဲ့သားက မြို့တော်မှာ နာမည်ကျော်နေပြီ"

ရွာသားကြီး အရမ်းဝမ်းသာသွားတာပေါ့။





"ဟုတ်လား၊ ဘယ်လိုနာမည်ကျော်တာလဲ"

"စောရကြီးတစ်ယောက်အဖြစ် နာမည်ကျော်နေလေရဲ့"

"ဘာဗျ"

"အဟုတ်ပြောတာ . . . အခုဖမ်းမိထားလို့ အကျဉ်းထောင်ထဲ ရောက်နေပြီ"

ရွာသားကြီးဟာ ဒေါသူပုန်ထပြီး မြို့တော်ကို လိုက်သွားပါတယ်။ အမှန်ပါပဲ။ သူ့သားဟာ အထင်ကရ သူခိုးကြီးတစ်ယောက်အဖြစ် အကျဉ်းစံနေရပါပြီ။ ဝမ်းနည်းပမ်းနည်းနဲ့ ရွာပြန်လာတဲ့ ရွာသားကြီးဟာ နတ်ကွန်းရှေ့အရောက်မှာ ပေါက်ကွဲပါတော့တယ်။

နတ်ကြီးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့တယ်။

"သင်ဟာ လူလိမ် လူညာပဲ"

နတ်ကြီးက အံ့အားသင့်သွားတယ်။

"ကျုပ်ကနတ်ပဲ၊ ဘာကိစ္စ လူလိမ်လူညာ ဖြစ်ရမှာလဲ"

"ဒါဖြင့် နတ်လိမ်နတ်ညာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလို ဘာဖြစ်လို့ပါလိမ့်"

"ကျုပ်သားလာတိုင်း ခင်ဗျားက မတ်တပ်ရပ်ပြီး အရိုအသေပေးတယ်၊ ကျုပ်သားကပဲ ကြီးမြတ်သူဖြစ်လာတော့ မယောင်ယောင်၊ အခုတော့ ကျုပ်သားဟာ သူခိုးကြီးဖြစ်သွားပြီဗျ "

နတ်ကြီးက တဟားဟား အော်ရယ်ပါတယ်။

"ဘယ့်နှယ့် ခင်ဗျားသားကို ကျုပ်က အရိုအသေထပေးရမှာလဲ။ ခင်ဗျားသားက သူခိုးဇာတာပါလို့ ကျုပ်နတ်ကွန်းက ရှိတာလေးတွေကို 'မ' သွားမှာစိုးလို့ ထထရပ်ကြည့်နေရတာ"

"ခင်ဗျား အို . . . ဘာပဲပြောပြောဗျာ ခင်ဗျားမကောင်းဘူး"

အဲဒီအချိန်မှာပဲ ရွာသူကြီးက သူတို့အနားကို ရောက်လာတယ်။

"ဘာဖြစ်နေကြတာလဲ"

သူတို့က အကျိုးအကြောင်းရှင်းပြတယ်။ ရွာသူကြီးက သေသေချာချာ နားထောင်ပြီး အတော်ကြာအောင် စဉ်းစားတယ်။ နောက်မှ နတ်ကြီးကို





"ဒီလိုလုပ်ပါ၊ နောက်ဆို အသင်နတ်မင်းကြီးက လူဆိုးလို့ တွေ့ရင် လူဆိုးလို့အော်ပေးပါ"

"အို . . . အဲဒီလိုတော့ ကျုပ်က သူများမကောင်းကြောင်းကို မပြောချင်ဘူး၊ ဒီလိုလုပ်မယ်၊ လူဆိုးတွေ့လို့ ဘာမှ မအော်ဘူး၊ လူကောင်းတွေ့ရင် လူကောင်းပါလို့ အော်ပေးမယ်၊ ဟုတ်ပလား"

"အင်း . . အဲ . . ဟို . . ကောင်းပြီလေ"

သူကြီးအိမ်မှာ နောက်တစ်နေ့ အစည်းအဝေးလုပ်တော့ သူကြီးက ရွာသားတွေကို အဲဒီအကြောင်း တစ်ဆင့်ပြန်ရှင်းပြတယ်၊ ရွာသားတွေက အင်းမလှုပ် အဲမလှုပ်ပဲ။

"ငါပြောတာကို ကြားကြလား"

"ကြားပါတယ်"

အစည်းအဝေးပြီးချိန်မှာ ရွာသားတွေ မျက်နှာ မအီမသာနဲ့ ပြန်သွားကြတယ်။

အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်ကို နောက်နေ့တွေမှာ ကြုံရတော့တာပါပဲ။ နှစ်ပေါင်းများစွာပစ်ထားတဲ့ လမ်းဟောင်းကြီးကို ပြုပြင်ပြီး ရွာသားတွေစုပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဖောက်လုပ်ကြတယ်။ တောလမ်းအတိုင်း နတ်ကွန်းကြီးရှေ့က ဖြတ်သွားဖို့အလုပ်ကို ဘယ်သူမှ မလုပ်ကြတော့ဘူး။

မြို့သွားလမ်းကြီး ပြီးသွားတယ်။ အဲဒီလမ်းမအတိုင်းပဲ သွားကြလာကြတယ်။ တောလမ်းအတိုင်းတော့ နတ်ကွန်းကြီးရှေ့က ဘယ်သူမှ မဖြတ်ရဲတော့ဘူး။ နတ်ကြီးက နားလည်ရခက်သွားတယ်။

"လူကောင်းကို လူကောင်းပါလို့ အော်ပေးပါမယ်ဆိုမှ ဘာကိစ္စ ငါ့ရှေ့က မဖြတ်ရဲကြတာလဲ"

"ဘာဖြစ်လို့လဲ"

"ဘာ့ကြောင့်လဲ"

နတ်ကြီး စဉ်းစားပါတယ်။ နေ့ရက်အတော်ကြာပြီးတော့မှ

"ဟား ဟား ဟား ဟား"

နတ်ကြီး ထရယ်ပါတော့တယ်။ အူလှိုက်သည်းလှိုက်ကို ရယ်ပါတယ်။

"ဟား ဟား ဟား ဟား"

ဘာတွေကို သဘောပေါက်ပြီး နတ်ကြီး ထရယ်





တာလဲ မသဲကွဲပါဘူး။ ဒါပေမဲ့ တချို့လူတွေရဲ့ နားထဲမှာတော့ အဲဒီ 'နတ်မင်းရယ်သံ' ကို ဒီနေ့ထက်ထိ စွဲနေတုန်းပဲလို့ သိရပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၈။ ရွှေလက်ညှိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက မြို့တစ်မြို့မှာ ရှေ့ဖြစ်ဟော အလွန်မှန်တယ်ဆိုတဲ့ ပုရောဟိတ်ကြီးတစ်ယောက်ရှိတယ်။ စာမေးပွဲဖြေဆိုပြီး ပြန်လာတဲ့ ကျောင်းတော်သားသုံးယောက်ဟာ ပုရောဟိတ်ကြီးဆီကို ဗေဒင်မေးဖို့ ဝင်ရောက်ခဲ့ကြလေရဲ့။

ပုရောဟိတ်ကြီးဟာ သူ့ရဲ့အဆောင်ထဲမှာ သားမြီးယပ်တောင်ကြီးခတ်ပြီး မြိန့်မြိန့်ကြီးထိုင်နေတယ်။ ပုရောဟိတ်ကြီးရဲ့ နံဘေးမှာ ဖိုးသူတော်ကြီးတစ်ယောက်လည်း ထိုင်နေတယ်။ ကျောင်းတော်သားသုံးယောက်ထဲမှာ ခေါင်းဆောင်ဖြစ်ပုံရတဲ့လူငယ်က သူတို့သိချင်တဲ့ လိုရင်းမေးခွန်းကိုပဲ တန်းမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပုရောဟိတ်ကြီး. . . ကျွန်တော်တို့ကို ယတြာတွေ ဘာတွေလည်း မချေခိုင်းပါနဲ့။ ဗေဒင်အရ ဖြစ်နိုင်ချေရှိတာကိုသာ တန်းဟောပါ။ တပည့်တပန်းတွေသုံးပြီး ခြောက်စားမြောက်စားလည်း မလုပ်ပါနဲ့၊ ပုရောဟိတ်ကြီးကိုယ်တိုင်ဖြေပါ"

"မင်းတို့က ဘာကိုသိချင်တာတုန်း"

"ကျွန်တော်တို့သုံးယောက် ခုစာမေးပွဲဖြေပြီး ပြန်လာပါတယ်။ ဘယ်သူအောင်ပြီး ဘယ်သူကျမယ်ဆိုတာကို သိချင်ပါတယ်။ ပြောပြပေးပါ"

ပုရောဟိတ်ကြီးက သားမြီးယပ်ကိုကိုင်ပြီး မျက်လုံးတွေကို ခပ်တည်တည်မှိတ်လိုက်တယ်။ ခဏကြာပြီးမှ မျက်လုံးပြန်ဖွင့်ပြီး လက်ညှိုးတစ်ချောင်းထောင်ပြတယ်။ ကျောင်းတော်သားလေးတွေက

"အဲဒါ ဘာအဓိပ္ပာယ်လဲ ပုရောဟိတ်ကြီး"

"အထက်က အမိန့်ရှိတယ်၊ အဓိပ္ပာယ်ကို မပြောပြရဘူးတဲ့၊ ကိုယ့်အတိတ်နိမိတ်နဲ့ ကိုယ်ကောက်ယူတဲ့"

"ဟာဗျာ"

ကျောင်းတော်သားလေးတွေက မကျေမနပ်နဲ့





ပြန်လှည့်ထွက်သွားကြပါတယ်။ သူတို့တွေတင်မဟုတ်ဘူး။ ဘေးမှာထိုင်ကြည့်နေတဲ့ ဖိုးသူတော်ကြီးကလည်း ပုရောဟိတ်ကြီးကို မကျေနပ်ဘူး။ ဒါ ပုရောဟိတ်ကြီး သက်သက်ညာစားနေတာလို့ သူမြင်တယ်။ (ကြိုပြောထားမယ်၊ ဟုတ်လည်းဟုတ်တယ်)

ဖိုးသူတော်ကြီးက စကားတစ်ခွန်းကို မကျေမချမ်းဆိုလာတယ်။

"သူတို့ထဲက တစ်ယောက်က စာမေးပွဲကျသွားရင် ခင်ဗျား ဘယ်လိုလုပ်မတုန်း"

"အဲဒီတစ်ယောက်ကို ကျုပ်ပြောတာပေါ့ဗျ၊ လက်ညှိုးတစ်ချောင်းတည်းထောင်ပြတာ မမြင်ဘူးလား"

"တစ်ယောက်တည်းက အောင်သွားရင်ကော"

"အဲဒါဆိုရင်လည်း အဲဒီတစ်ယောက်တည်းကိုပဲ ပြောတာပဲ"

"သုံးယောက်လုံး စာမေးပွဲကျရင်ကော"

"တစ်ယောက်တောင် မအောင်ဘူးလို့ပြောတာ"

"သုံးယောက်လုံး စာမေးပွဲ အောင်ရင်ကော"

"တစ်ယောက်မှ မကျဘူးလို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းကြောင်းကြောင့် စာမေးပွဲအောင်စာရင်းတွေ မထုတ်ပြန်ဖြစ်ရင်ကော"

"တစ်ခုခု အနှောင့်အယှက်ရှိနေတယ်လို့ ပြောတာ"

ဖိုးသူတော်ကြီးက မကျေနပ်ပါဘူး။ မဟုတ်မှန်းသိသိကြီးနဲ့ ခံနေရလို့ပါ။

"နေဦးဗျာ. . . ခင်ဗျားကို ကျွန်တော် တစ်ခုမေးမယ်"

"ဘာမေးမှာလဲ"

"ဗေဒင်ပဲ မေးမှာပေါ့ဗျ"

ပုရောဟိတ်ကြီးက သားမြီးယပ်ကြီးကို ခါရမ်းပြီး မျက်လုံးအစုံ မှိတ်သွားပြန်ပါတယ်။ ခဏကြာမှ မျက်လုံးပြန်ပွင့်လာပြီး ညာဘက်လက်ညှိုးတစ်ချောင်း ထောင်ပြပြန်တယ်။ ဖိုးသူတော်ကြီးက. . .

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"တော်. . . တန်. . . တိတ်လို့ ပြောတာ"

ဖိုးသူတော်ကြီး အရမ်းဒေါပွသွားပါတယ်။ ဂျစ်ကပ်ကပ်နိုင်တဲ့ စကားတစ်ခွန်းကိုလည်း တင်းတင်းမာမာ





ဆိုလာပါတယ်။ ညာဘက်လက်ညှိုး ပြန်ထောင်ပြပြီး ဆိုတာပါ။

"ကဲ. . . ခု ခင်ဗျားကို ကျုပ် လက်ညှိုးတစ်ချောင်း ထောင်ပြတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ပြော. . . အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ကလေးတောင်သိတယ်ဗျာ. . . သွား သွား ရှူးရှူးပေါက်ချင်ရင် နောက်ဖေးမှာ အိမ်သာရှိတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ၉။ မီးတောက်ကိုချုပ်ကိုင်တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



"ဦးမင်း ပြောခဲ့တဲ့စကားကို ဦးမင်း မှတ်မိပါတယ်နော်၊ မီးကို စက္ကူနဲ့ထုပ်နိုင်တဲ့တစ်နေ့မှာ ငါ့သမီးကို မင်းလာတောင်း၊ ငါ စဉ်းစားမယ်ဆိုတာ"

"အေး. . . ဟုတ်တယ်၊ ပြောခဲ့ဖူးတယ်"

"ဦးရဲ့ အတွေးအခေါ်ကို ကျွန်တော် လေးစားပါတယ်။ 'မီး' ကို စတင်တွေ့ရှိတာဟာ လူ့ယဉ်ကျေးမှုအတွက် အင်မတန်အရေးကြီးတဲ့ အချက်ပေကိုး"

"အင်း"

"စက္ကူကို တီထွင်နိုင်ခဲ့တာလည်း လူ့ယဉ်ကျေးမှုကို အပြောင်းအလဲဖြစ်စေခဲ့တာပဲ။ စက္ကူကို တီထွင်သူဟာ



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူမျိုးတို့ရဲ့ 'ဟိုတီ' နန်းတော်ထဲက ပညာရှိ 'နိုင်းလွန်' လို့ ပြောနေကြတယ်။ အေဒီ ၁၀၅ နှစ်မှာတို့ ဘာတို့ပေါ့၊ မဟုတ်သေးပါဘူး ဦးမင်းရယ်၊ တကယ့်တကယ်ကျတော့ စက္ကူကို နကျယ်ကောင်တွေက စပြုလုပ်တာပါ"

"ဘာ"

"အမှန်ပဲ ဦးမင်းရဲ့၊ သူတို့ဟာ နကျယ်အိမ်ဆောက်ဖို့အတွက် သစ်သားစကလေးတွေကို ဝါးပြီး စက္ကူဖြစ်အောင် လုပ်ခဲ့ကြတယ်။ အဲဒါကိုမှ လူက လိုက်တုတာပါ။ အီဂျစ်တွေကဆိုရင် Papyerus ဆိုတဲ့ ကျူပင်တစ်မျိုးကနေ စာရေးရမယ့် ပိတ်စပုံစံ 'ဖြတ်ပိုင်း' တွေကို ထုတ်လုပ်ခဲ့ကြတယ်၊ အာရပ်တွေဆီကို"

"အင်း. . . ထားပါတော့၊ လိုရင်းကိုပြောကွာ"

"ဩော်. . . အဟင်း. . . ဒီလိုပါပဲ၊ ဟိုလေ. . . ကျွန်တော် ပြောချင်တာက ဘာပဲပြောပြော မီးကို စက္ကူနဲ့ ထုပ်ပိုးဖို့ဆိုတာ မလွယ်ပါဘူး၊ ကျွန်တော် အတော်ကို ကြံဆတွေးတောရပါတယ်၊ အဲဒီလို တီထွင်နိုင်ဖို့ ဦးမင်းရဲ့ စမ်းသပ်ချက်ကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့ဆိုတာကလည်း ကျွန်တော့်အနေနဲ့ တွေးခေါ်မှုစနစ်မျိုးစုံကို လေ့လာခဲ့





ရပါတယ်။ ဒီဘိုးနိုးတို့၊ ပီတာ ဒရက်ဘာတို့တင်မကဘဲ. . ."

"တော်ပါတော့ကွာ. . . မင်း ဘယ်လိုလုပ်လာသလဲဆိုတာကို ပြော"

"ကျွန်တော်ပြောရင် ဦးမင်း အံ့ဩသွားမှာပါ။ အမေရိကတိုက်ကို တွေ့ခဲ့တဲ့ ကိုလံဘတ်စ် ဘဲဥကို ထောင်ပြသလိုပေါ့"

"မင်း တော်တော်လေရှည်တဲ့ကောင်ပဲကွာ. . . ငါ့မှာ အချိန်မရဘူး"

"ဒါဆိုရင်လည်း ဒီမှာကြည့်ပါတော့ ဦးမင်းရယ်၊ ကျွန်တော် မီးကို စက္ကူနဲ့ထုပ်ထားလိုက်ပါပြီ၊ ဒီမီးပုံးလေးဟာ မီးကိုထုပ်ပိုးထားတဲ့ စက္ကူမီးပုံးပါ"

"ဩော်. . . မင်း မဆိုးဘူးပဲ"

"ဟုတ်ကဲ့. . . အဟဲဟဲ. . . ဟုတ်ကဲ့၊ ကျွန်တော် အောင်မှတ်ရပြီပေါ့နော်"

"အေး. . . မင်းက အောင်မှတ်ရပါတယ်၊ ဒါပေမဲ့ ဂုဏ်ထူးမှတ်ရသွားသူက ရှိတယ်ကွ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဟုတ်တယ်၊ နောက်မှ ငါစဉ်းစားမိတယ်၊ မီးကို စက္ကူနဲ့ ထုပ်တာကမှ လွယ်ဦးမယ်၊ ကျွတ်ကျွတ်အိတ်နဲ့ ထုပ်နိုင်ဖို့က မလွယ်ဘူး၊ အဲဒါကြောင့် စက္ကူမီးပုံးလုပ်တဲ့မင်းနဲ့ ပေးစားမယ့်အစား ကျွတ်ကျွတ်အိတ်မီးပုံးပျံလုပ်တဲ့ ဒဂုံမြောက်က မောင်မောင်မြင့်ဦးဦးမြင့်နဲ့ပဲ ငါ့သမီးကို ပေးစားတော့မယ်"

"ဗျာ. . ."

❏



## ၁၀။ ဝေးကွာခြင်းသစ်ပင်

www.burmeseclassic.com

www.burmeseclassic.com




“တို့တော့ ဒုက္ခပဲ၊ ဘယ်ကိုရောက်နေပြီလဲ မသိဘူး”

အားလုံးစိတ်ဓာတ်ပျက်ပြားသွားချိန်မှာ ခေါင်းဆောင်လုပ်သူက ဖျောင်းဖျအားပေးတယ်။

“မကြောက်ကြနဲ့ . . ဟိုးမှာမြင်နေရတဲ့ သစ်ပင်ကြီးဆီကို ရောက်အောင်အရင်သွားကြမယ်”

သူညွှန်ပြရာ သစ်ပင်ကြီးက မြင့်မားထည်ဝါလွန်းလှပါတယ်။ အဝေးကနေ လှမ်းကြည့်ရတာတောင်မှ အားကိုးချင်စရာကောင်းတဲ့ သစ်ပင်ကြီးပါပဲ . . ။ အားလုံးကလည်း သဘောတူကြတယ် . . ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . လောလောဆယ်တော့ အဲဒီလို လုပ်ရမှာပဲ"

သစ်ပင်ကြီးရှိရာဆီ သူတို့တွေ ဦးတည်ခရီးနှင်လိုက်တယ် . . ။ သစ်ပင်ကြီးဆီအရောက်မှာပဲ အရာအားလုံးဟာ ပြာဝေဝိုးတဝါး . . သူတို့အားလုံး ပျောက်ကွယ်သွားပါတော့တယ် . . . ။

အဲဒီသတင်းကို ဘယ်သူမှမသိလိုက်ပါဘူး။ ဒါပေမဲ့ လှည်းသားငါးဆယ် ပျောက်ဆုံးမှုကတော့ နေပြည်တော်အထိ သတင်းပေါက်သွားပါတယ်။ ဘုရင်မင်းမြတ်က ရဲမက်တွေကို အမိန့်ပေးတယ်။

"သွား . . သူတို့တွေ ဘယ်လိုပျောက်ကွယ်သွားသလဲ ဆိုတာကို စုံစမ်းပြီးဖော်ထုတ်ကြ၊ တွေ့အောင်ရှာကြ"

ရဲမက်ငါးဆယ်ဟာ လှည်းသားငါးဆယ်ကို ခြေရာခံ၊ သဲလွန်စခံပြီး လိုက်ပါတယ် . . . ၊ နောက်ဆုံးတော့ . . .

"လှည်းဘီးရာတွေဟာ ဟိုသစ်ပင်ကြီးဆီ ဦးတည်ပြီး သွားနေတယ်၊ အဲ့ဒီကို တို့သွားကြမယ် "

တက်ညီလက်ညီ သူတို့တွေ ထွက်ခွာခဲ့ကြပါ





တယ်။ ဒါပေမဲ့ . . . အဲဒီသစ်ပင်ကြီးဆီ အရောက်မှာပဲ အရာအားလုံးဟာ ပြာဝေဝိုးဝါး သူတို့အားလုံးပျောက်ကွယ်သွားပါတော့တယ်။ ရဲမက်တစ်ဦးရဲ့ အချိန်မီ သတင်းပို့လွှတ်ချက်အရ သစ်ပင်ကြီးတစ်ပင်အနီးမှာ အန္တရာယ်ကြုံရကြောင်းကို အားလုံးသိလိုက်ရပါတယ်။

ဘယ်လိုသစ်ပင်ကြီးလဲ . . . ။ အားလုံးက စိတ်ဝင်စားကြပါတယ်။ ဒါပေမဲ့ လောကကြီးကလည်းခက်ပါတယ်။ ရှာချင်တိုင်းလည်း မတွေ့ပါဘူး။ သစ်ပင်ကြီးကို ရှာမတွေ့ပါဘူး။ အဲ့ဒီလိုနဲ့ပဲ လူတွေရဲ့ ရင်ထဲမှာ သောင်မတင်ရေမကျ ဖြစ်ကျန်နေရပါတယ် . . . ။

တစ်နေ့မှာ . . . အဲဒီ သစ်ပင်ကြီးအောက်ကို မိသားစုတစ်စု ရောက်လာတယ်။ အဖေရယ် အမေရယ်၊ သမီးလေးရယ်ပေါ့. . . တောထဲမှာ မျက်စိလည် လမ်းမှားပြီး အဲ့ဒီသစ်ပင်ကြီးဆီ ရောက်သွားကြပါတယ်။ သစ်ပင်အောက်မှာ အမောဖြေနားနေကြသေးတယ်. . ။

တကယ်တော့ သူတို့မိသားစုဟာ လောကဓံရဲ့ အထုအထောင်းကို ဧရာမဆုံကြီးလို ခေါင်းငုံ့ခံခဲ့ရသူတွေပါ။ ငွေဝယ်ကျွန်ဘဝကနေ ထွက်ပြေးလာရတဲ့မိသားစုပါ။



www.burmeseclassic.com

www.burmeseclassic.com



အငတ်ငတ်အပြတ်ပြတ် ဒုက္ခတွေကို ကြုံနေရပေမယ့် အခု တော့ သူတို့မိသားစု လွတ်လပ်စွာ ပြန်လည်ဆုံတွေ့ကြပြီ။ ဘဝသစ်ကို စတင်နိုင်ပြီလို့ ယုံကြည်နေကြတယ်. . . ။

ဖခင်ဖြစ်သူက ဝမ်းပန်းတသာကျူးရင့်တယ် . . ။

"ကဲ . . အခုတော့ တို့မိသားစုတွေ ပြန်လည်ဆုံ တွေ့ကြပြီပေါ့ . . . . "

အဲဒီအချိန်မှာပဲ . . အရာအားလုံးဟာ ပြာဝေ ဝိုးဝါး သူတို့ မိသားစုကလေး ပျောက်ကွယ်သွားပါတော့ တယ်။

ထူးခြားမှုတွေကို နောက်ပိုင်းကာလတွေမှာ ထပ် ဆင့် ကြုံတွေ့ရပြန်ပါတယ် . . ။ ပျောက်ဆုံးသွားတဲ့လူည်း ကုန်သည်တွေ၊ ရဲမက်တွေနဲ့ မိသားစုသုံးဦးကို တစ်ကွဲ တစ်ပြား ပြန်လည်ရှာတွေ့ကြလို့ပါပဲ . . ။ သူတို့တွေ အားလုံး သက်ရှိထင်ရှားရှိနေကြပါတယ်။ ဒါပေမဲ့ တစ် ယောက်တစ်နေရာစီ . . . ။

ခက်တာက သူတို့ကို ဘာမှမေးလို့မရဘူး။ သစ် ပင်ကြီးရဲ့နေရာကိုလည်း သူတို့တွေ ရေရေရာရာမပြော နိုင်ဘူး။ သစ်ပင်ကြီးဟာ အားလုံးအတွက် ဒဏ္ဍာရီဆန်





နေပါတယ်။ ဘယ်သူက ဘယ်လို အမည်ပေးလိုက်သလဲ မသိပါဘူး . . ။ သစ်ပင်ကြီးဟာ 'ဝေးကွာခြင်းသစ်ပင်' ဆိုတဲ့အမည်နဲ့ ကျော်ကြားနေပါတော့တယ်. . . ။

တစ်နေ့မှာ . . .

မိဘဆွေမျိုးတွေရဲ့ ကန့်ကွက်တားဆီးမှုကိုခံရတဲ့ ချစ်သူနှစ်ဦးဟာ အဲဒီ 'ဝေးကွာခြင်းသစ်ပင်' ကြီးအောက် ကို မျက်စိလည်လမ်းမှားပြီး ရောက်သွားပါတယ်။ ရုန်းကန် ပြေးလွှားလာရသမျှကို သစ်ပင်ကြီးအောက်မှာ နားနေ အမောဖြေရင်း. . . ကောင်လေးက မယုံမရဲနဲ့. . .

"တို့အခုရောက်နေတာ ဝေးကွာခြင်းသစ်ပင်ကြီး ရဲ့အောက် ထင်တယ် . . . . "

"ဟုတ်တယ် . . . ကြားဖူးတာတွေနဲ့ ကိုက်ညီနေ တယ် အစ်ကို. . . ညီမလေး အဲ့ဒါကို စဉ်စားနေတာ"

"အဲ့ဒါဆိုလည်း တို့တွေ ဆုတောင်းကြည့်ကြတာ ပေါ့ကွာ . . . "

ချစ်သူနှစ်ဦး တစ်ယောက်လက် တစ်ယောက်တွဲ လို့ ဆုတောင်းကြတယ် . . . ။

"အို. . . ဝေးကွာခြင်းသစ်ပင်ကြီး ကျွန်တော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ချစ်သူနှစ်ယောက်အနေနှင့် ဝေးသွားရမည်ဆိုလျှင်လည်း အနီးကပ်ဆုံးသာ ဝေးကွာချင်ပါသည်။ ကူညီစောင့်မတော်မူပါ . . .”

အဲဒီအချိန်မှာပဲ အရာအားလုံးပြာဝေဝိုးဝါးပြီး သူတို့နှစ်ဦး ပျောက်ကွယ်သွားတော့တယ်။

ကောင်လေးက သတိရလာတော့ လူသူမနီးတဲ့ မြို့ပြတစ်ခုမှာ၊ ချစ်သူကို အော်ခေါ်တယ် . . .။

“ညီမလေး . . .”

ပြန်ထူးသံကြားရတယ်။ အဝေးကြီးက မဟုတ်ဘူး။ သူ့နောက်ကျော ကပ်လျက်က . .။

“ညီမ ဒီမှာရှိပါတယ် အစ်ကို . . .”

“ဟာ. . . ဒါဆို တို့တွေဘယ်မှာဝေးလို့လဲ . . .။ ပျော်လိုက်တာ ညီမလေးရယ် . . . .”

သူ လှည့်ကြည့်လိုက်တော့ ကောင်မလေးကို မတွေ့ရဘူး။ ထပ်ကြည့်လိုက်တယ်။ ထပ်လှည့်ပြန်တယ် . . .။ နားလည်ရခက်သွားပြီ။

“ညီမလေး အစ်ကိုတို့ ဘယ်လိုဖြစ်နေတာလဲ”

“ကျောချင်းကပ်လျက် ဝေးနေကြတာ အစ်ကို၊





နီးနီးလေးနဲ့ အဝေးကြီးဝေးသွားပြီ . . ဝေးကွာခြင်းရဲ့ ဗဟိုမှတ်ပေါ် ညီမလေးတို့ ရောက်သွားပြီ . . .”

“အို . . .”

ကဲ . . . အဲဒီလိုဖြစ်နေရင် ဘယ်လိုကယ်တင်ကြမလဲ . . . ခက်တာက ‘ဝေးကွာခြင်းသစ်ပင်’ ရှိတဲ့ နေရာကို ဘယ်မြေပုံထဲမှာမှ အတိအကျ ထည့်ဆွဲမထားဘူးလေ။

❑



www.burmeseclassic.com

www.burmeseclassic.com

၁၁။ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



ငါနေထိုင်တဲ့ ဒီကမ္ဘာ
ပင်လယ်အိုင်ကြီးပါ
ခုန်ကာပေါက်ကာ ဆော့ကစား
ငါဟဲ့ ကိုရွှေဖား။ ။

တစ်နေ့မှာ မြွေတစ်ကောင်ဟာ အောင်မြင်ခန့်ညားလှတဲ့ အဲ့ဒီကဗျာရွတ်သံကြီးကို ကြားလိုက်ရသတဲ့။ 'ဖား'ဆိုလို့စိတ်ဝင်စားပြီး အသံကြားရာဆီကို လိုက်ကြည့်တော့ ရေတွင်းပျက်တစ်ခုထဲက ဖြစ်နေတယ်။ ကဗျာရွတ်ဆိုသူကတော့ ရေတွင်းပျက်ထဲက ရေစပ်စပ်မှာနေထိုင်သူ ဆူဖြိုးလှတဲ့ ဖားကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီဖားကြီးကို မြွေက အတော်သွားရည်ကျမိတယ်။ ဒါပေမဲ့ ရေတွင်းပျက်ထဲကို သူ မဆင်းရဲဘူး။ ပြန်တက်ဖို့မလွယ်တဲ့ ရေတွင်းဖြစ်နေတယ် . . ။ အဲ့ဒီတော့ ဖားကိုပဲ စိတ်ဆင်းရဲအောင် သူလုပ်လိုက်တယ်။

"တော်စမ်းပါ ကိုရွှေဖားရယ် . . ခင်ဗျားရဲ့ ကမ္ဘာဆိုတာက ကျဉ်းကျဉ်းကလေးပါ . . ၊ ဒါလောက်လေးကို ကမ္ဘာလို့မခေါ်ပါဘူး၊ ကမ္ဘာဆိုတာက မြေတွင်းတွေ၊ ရေကန်တွေ၊ သစ်ပင်တွေ၊ ကြွက်တွေ၊ အများကြီးရှိတယ်"

ဖားက သူပြောတာကို ဂရုမစိုက်ပါဘူး။ ဘာမှလည်း ပြန်မပြောဘူး။ သူ့ကဗျာနဲ့သူပဲ ခုန်ပေါက်ဆော့ကစားနေတယ်။ မြွေလည်း စိတ်လျှော့ပြီး လှည့်ပြန်သွားတယ်။

သိမ်းငှက်တစ်ကောင်ကလဲ အဲဒီလိုပဲ ကဗျာရွတ်သံကြားလို့ လာကြည့်တယ်။ ဖားတစ်ကောင် ရေတွင်းထဲက ရွတ်ဆိုနေတာမို့ တခစ်ခစ် ရယ်ရင်းပြောတယ်။

"တော်စမ်းပါ ကိုရွှေဖားရယ် . . . ခင်ဗျားရဲ့ ကမ္ဘာဆိုတာက ကျဉ်းကျဉ်းလေးပါ၊ ဒါလောက်လေးကို





ကမ္ဘာလို့မခေါ်ပါဘူး။ ကမ္ဘာဆိုတာက တောင်တန်းတွေ၊ တိမ်တိုက်တွေ၊ အသိုက်တွေ အများကြီးရှိတယ် "

သူထုံးစံထင်ပါရဲ့ ဖားက ဂရုမစိုက်ဘူး။ ဘာမှလည်းပြန်မပြောဘူး။ သူ့ကဗျာနဲ့ သူပဲ ခုန်ပေါက် ဆော့ကစားနေတယ်။ သိမ်းငှက်လည်း စိတ်လျှော့ပြီး လှည့်ပြန်သွားတယ်။

တောလည်တွက်ရင်း ခဏအမောဖြေနေတဲ့ မုဆိုးတစ်ယောက်ခမျာလည်း မနေသာဘူး။ ရေတွင်းထဲ ငုံ့ကြည့်ပြီး ဖားကိုနားချယူတယ်။

"တော်စမ်းပါ ကိုရွှေဖားရယ် ခင်ဗျားရဲ့ ကမ္ဘာဆိုတာက ကျဉ်းကျဉ်းလေးပါ၊ ဒါလောက်လေးကို ကမ္ဘာလို့မခေါ်ပါဘူး။ ကမ္ဘာဆိုတာက တောတွေ၊ ရွာတွေ၊ မြို့တွေ၊ ဈေးတွေ၊ သားကောင်တွေ အများကြီးရှိတယ်။

ဖားကတော့ မကြားသလိုပါပဲ၊ သူ့ကဗျာနဲ့သူ ကျွမ်းထိုးဆော့ကစားနေတယ်။ မုဆိုးလည်း စိတ်လျှော့ပြီး လှည့်ပြန်သွားတယ်။

တစ်ခုတော့ရှိတယ်။ သူတို့ စိတ်လျှော့တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာက လုံးလုံးလျားလျား စိတ်လျှော့တာမျိုးမဟုတ်ဘူး။ ကြုံရင်ကြုံသလိုတော့ အဲ့ဒီစကားတွေကို ဖားကို ဝင်ဝင် ပြောနေကြတာပေါ့။ သူတို့ချင်း မဆုံမိကြတာပဲရှိတယ်။

တစ်နေ့ . . .

မြွေက ဖားကို အဲ့ဒီစကားတွေကို လာပြောနေ တုန်း . . . ဖြန်းကနဲ သိမ်းငှက်က သူ့ကိုချီသွားတယ်။ ချက်ချင်းဆိုသလိုပဲ မုဆိုးက သိမ်းငှက်ကို လေးနဲ့ခွင်းတယ်။ မြွေအသေနဲ့ သိမ်းငှက်အသေကို ဝမ်းသာအားရ ပွေ့ပိုက်ပြီး ပြန်လှည့်အလာမှာ မုဆိုးဟာ အမှတ်တမဲ့ဖြစ်ပြီး သူ ဆင်ထားတဲ့ထောင်ချောက်ကို သူပြန်နင်းမိတယ်။ မုဆိုး လည်း သေသွားတယ် . . ။

ရေတွင်းထဲမှာ ရှိနေတဲ့ဖားက တီးတိုးပြောတယ်။

"ခင်ဗျားတို့ မသိလို့ပါဗျာ၊ တကယ်တော့ ငြိမ်းချမ်းလွတ်လပ်စွာ စွမ်းနိုင်တဲ့နေရာကိုသာ 'ကမ္ဘာ' လို့ခေါ်တယ် . . ."

စကားအဆုံးမှာ ကဗျာတစ်ပုဒ်ကို သူရွတ်ဆိုလေရဲ့။





ငြိမ်းချမ်းလွတ်လပ် ရှင်သန်ပါ
အဲ့ဒါမှ ကမ္ဘာ ။ ။
ထိုအရာတွေ ပျောက်ဆုံးတော့
ကမ္ဘာ လက်မဲ့ပေါ့ . . .။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ ဦးခေါင်းခွံပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးဟာ ကျောက်သင်ပုန်းပေါ်မှာ ရုပ်ပုံတစ်ခုကို ဆွဲပြပြီး ကျောင်းသားတွေကျောင်းသူတွေကို ရှင်းလင်းပြောပြဖို့ပြင်တယ် . . ။ ကျောင်းသူကျောင်းသားတွေကလည်း စိတ်ဝင်တစား နားထောင်နေကြတယ်တဲ့ . . . ။

"အားလုံးမှတ်ထားကြ . . . ၊ ဒါဟာ ချင်ပန်ဇီတစ်ကောင်ရဲ့ ဦးခေါင်းခွံပဲ"

နောက်ပြီးတော့ သူက ကြွားကြွားဝါဝါ ဆက်ပြောတယ် . . ။

"ဒီဦးခေါင်းခွံဟာ အရမ်းရှားတယ် . . ဒီနိုင်ငံမှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုပဲရှိတယ်။ တစ်ခုက အမျိုးသားပြတိုက်မှာ တစ်ခုက ငါ့ဆီမှာ . . သိကြရဲ့လား ”

ကျောင်းသားကျောင်းသူတွေက တခွိခွိ ရယ်ကြပါတယ်. . .။ ပါမောက္ခကြီးက သူ့စကား ဘယ်ရောက်လို့ရောက်သွားမှန်းမသိပါဘူး။ သင်စရာရှိတာသင်ပြီး ခပ်တည်တည် ပြန်ထွက်သွားတယ်။ နောက်ပိုင်းရက်တွေကျမှ သူ့အတွက် အနေကြပ်စရာကို တွေ့ကြုံရတော့တာပါပဲ. . .။

ကျောင်းသူကျောင်းသားတွေက သူ့ခေါင်းကို မသိမသာ လိုက်ကြည့်နေတာပါပဲ. . .။ ငယ်ထိပ်၊ နောက်စေ့၊ နားထင်၊ ဂုတ်ပိုး စတာတွေကို လိုက်ကြည့်တာပါ။ နောက်တော့ ကျောင်းသားကျောင်းသူတွေတင် မကပဲ ဘဝတူ ကျောင်းဆရာတွေကပါ သူ့ကို လိုက်ကြည့်ကြတယ်။ ထပ်ပြီး တူညီတာကတော့ သူတို့ရဲ့ ပြုံးစိစိမျက်နှာပဲ။

ပါမောက္ခကြီးက တဖြည်းဖြည်း သတိထားမိလာတယ်။ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်တယ်။ ဘာမှလဲ ပြောလို့မရဘူး။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ။





အမှန်ဆိုရင် သူဟာ ထူးချွန်တဲ့ ပညာရှင်ကြီး တစ်ယောက်ပါ။ စာအသင်အပြကောင်းတဲ့ သူ့ကို ကျောင်းသားကျောင်းသူတွေက မကြာခဏ လက်ခုပ်လက်ဝါးတီးပြီး ချီးကျူးရပါတယ်။ အဆင်မပြေပါဘူး။ သူတို့လက်ခုပ်တီးတာက ပါမောက္ခကြီးရဲ့ဦးခေါင်းကြီးကိုကြည့်ပြီး လက်ခုပ်တီးတာကိုး။

ဒီကိစ္စကို ပြေလည်အောင်ဖြေရှင်းမှ ဖြစ်ပါတော့မယ်။ အဲ့ဒါကြောင့် ပါမောက္ခကြီးဟာ သူ တရိုတသေ သိမ်းထားတဲ့ ချင်ပန်ဇီ ဦးခေါင်းခွံကြီးကို ကျောင်းကို ယူလာတယ်။ စင်ပေါ်မှာတင်ပြရင်း

“ချန်ပန်ဇီ ဦးခေါင်းခွံဆိုတာ ဒါပဲတပည့်တို့ . . . ”

သူ့လုပ်ရပ်ဟာ တစ်မျိုးတစ်ဖုံ နအောင်မြင်ပါတယ်။ ဒါပေမဲ့ တစ်မျိုးတစ်ဖုံဆိုတဲ့အတိုင်း တစ်မျိုးတစ်ဖုံကြီးပါပဲ။ သူ့ကို လက်ခုပ်တီး ဩဘာပေးစရာရှိတိုင်း အဲ့ဒီချန်ပန်ဇီဦးခေါင်းခွံကြီးကို ကြည့်ပြီး လက်ခုပ်တီးတာပါ။ ဘယ့်နှာကြီးမှန်းမသိပါဘူး။ စိတ်ဖြေစရာတော့ရှိပါတယ်။ သူ့ဦးခေါင်းကို ဘယ်သူကမှ လိုက်မကြည့်ကြတော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို နေသားကျအောင် အတော်နေပြီးမှ ချင်ပန်ဇီ ဦးခေါင်းခွံကြီးကို ကျောင်းယူမလာတော့ပဲ အိမ်မှာထားခဲ့တယ်။ ရဲရဲတင်းတင်း စာသင်တယ်။ သူ့ရဲ့ ပြောင်မြောက်တဲ့ ပို့ချသင်ကြားချက်ကြောင့် ကျောင်းသားကျောင်းသူတွေက လက်ခုပ်တီးပြီး ဩဘာပေးကြတာပါပဲ။ ဒီတစ်ခါကျတော့ တစ်မျိုးပဲ။ ကျောင်းသားကျောင်းသူတွေက အဝေးတစ်နေရာကို လှမ်းငေးပြီး ဩဘာပေးကြတာလေ။ ပါမောက္ခကြီးက နားမလည်လို့ လက်ထောက်ဆရာကို ခေါ်မေးတယ်။

"သူတို့က ဘယ်ကိုကြည့်ပြီး ဩဘာပေးနေကြတာလဲ"

"အမျိုးသားပြတိုက်ဆီကို လှမ်းမျှော်ကြည့်ပြီး ဩဘာပေးနေကြတာလေ"

ပါမောက္ခကြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ် . . .။

တောက် . . .၊ ငါလေ. . .။


❑



# ၁၃။ ပိုင်ရှင်မဲ့အပြုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရွာတစ်ရွာအစပ်မှာ လေပွေတစ်ခု တိုက်ခတ်တယ်။ သူတို့ရွာစပ်မှာ လေပွေတိုက်တာဟာ အမှန်တော့ ဆန်းတဲ့ကိစ္စမဟုတ်ဘူး။ ဒါပေမဲ့ ဒီတစ်ခါ လေပွေတိုက်တာမှာ အမှိုက်တွေ၊ သစ်ရွက်တွေနဲ့အတူ စက္ကူကြီးတစ်ရွက်ပါ . . . ပါလာတယ်။ ရွာအဝင်လမ်း တစ်လျှောက် လွင့်စင်လာလေရဲ့။

ထင်းခွဲနေသူတစ်ဦးဟာ အဲဒီစက္ကူကြီးကို အမှတ်မထင် လှမ်းကြည့်မိတယ်။ ပြီး. . . ကမန်းကတန်း ဆိုသလိုပဲ ပုဆိန်ကြီးကို ပစ်ချပြီး အဲဒီစက္ကူနောက်ကို လိုက်လေရဲ့. . . ။ ဒါပေမဲ့ အဲဒီစက္ကူကြီးကို သူ ဖမ်းလို့မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စက္ကူကြီးက တလွင့်လွင့် မျောသွားတာ မြန်လိုက်တာ . . ။

ရေခပ်နေတဲ့ လူတစ်ယောက်ကလည်း အဲ့ဒီစက္ကူကြီးကို မြင်လိုက်တယ်။ ရေအိုးကို ဝုန်းကနဲ လွှတ်ချပြီး လိုက်ဖမ်းပြန်တယ်။ နွားစာစဉ်းနေတဲ့လူကလည်း အဲ့ဒီအတိုင်းပဲ။ နွားကြီးကို ထားခဲ့ပြီး အဲ့ဒီစက္ကူ နောက်ကိုလိုက်တယ်။ စက္ကူဟာ ရွာအဝင်လမ်းတောက်လျှောက်မှာရှိသမျှ လူတွေကို ဆွဲဆောင်ခေါ်ယူသွားတယ်. . . ။ အဲ့ဒီစက္ကူနောက်ကို လိုက်တဲ့လူတွေဟာ တပုံတပင်ကြီးဖြစ်နေတော့တယ် . . ။

စက္ကူဟာ နောက်ဆုံးတော့ ရွာလယ်ညောင်ပင်ကြီးရဲ့ ပင်စည် ခပ်မြင့်မြင့် တစ်နေရာမှာ သွားကပ်နေတယ်။ အဲ့ဒီစက္ကူကို ရယူဖို့အတွက် ရွာသားတွေဟာ သူ့ထက်ငါ အလုအယက် ကြိုးစားပြီး အုန်းအုန်းကြက်ကြက် ဆူညံနေကြတယ်။

"ဟေ့ . . ဘာဖြစ်နေကြတာလဲ"

အော်သံနဲ့အတူ သူကြီးရောက်လာလို့ အားလုံးငြိမ်သွားကြတယ်။ ရွာသားတစ်ယောက်က စက္ကူကိုလက်ညှိုးထိုးပြပြီး မဝံ့မရဲ ပြောတယ်။





"အဲဒါကို ဝိုင်းလုနေကြတာပါ"

ရွာသားလက်ညှိုးထိုးပြရာကို ကြည့်ပြီး သူကြီးလည်း ငိုင်သွားတယ်။

စက္ကူမှာ ရုပ်ပုံတစ်ပုံရေးဆွဲထားတယ်။ ငြိမ်းချမ်းလင်းပွင့်ပြီး အပြစ်ကင်းစင်စွာ ရယ်နေတဲ့ လူတစ်ယောက်ရဲ့ မျက်နှာပါ။ အလွန်စိတ်ချမ်းသာစရာကောင်းပါတယ်။ အဲ့ဒါကြောင့်လည်း အားလုံးက လိုချင်ကြတာပါ။

"မင်းတို့ ဒီအတိုင်းဝိုင်းလုနေရင် ရန်ပွဲတွေဖြစ်လာမှာပေါ့"

"ဒါဆိုရင် သူကြီးပဲ ဆုံးဖြတ်ပေးပါ"

သူကြီးလည်း နည်းနည်းတော့ အတွေးရခက်သွားတယ် . . ။ ဘယ်လိုဆုံးဖြတ်ရပါ့မလဲ။ နောက်ဆုံးတော့ သူအကြံတစ်ခုရသွားတယ်။ အဲ့ဒီအကြံကိုပဲ အကောင်အထည်ဖော်လိုက်တယ်။

"မင်းတို့ ဒီရုပ်ပုံကိုလိုချင်သလား"

"လိုချင်ပါတယ်"

"မဲနှိုက်လိုက်ရင်တော့လွယ်တယ်။ ဒါပေမဲ့ တခြားနည်းကို သုံးကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးက ဘယ်လိုလုပ်ချင်လို့လဲ"

"ဒီရုပ်ပုံထဲက အပြုံးဟာ အင်မတန် အသက်ဝင်ပြီး အင်မတန် စင်ကြယ်တယ်၊ သူ့လိုမျိုး ပြုံးနိုင်တဲ့သူရှိရင် ဒီရုပ်ပုံကိုယူစေဗျာ။ တစ်ယောက်တစ်လှည့် ပြုံးပြကြ"

ရွာသားတွေက သူ့ထက်ငါဦးအောင် ပြုံးဖို့လုပ်ကြ ပြန်ပါတယ်။ သူကြီးက တားရပြန်တယ်။

"ဟေ့. . . ဟေ့. . . တစ်ယောက်တစ်လှည့် ပြုံးဆို. . ၊ တစ်ယောက်ပြုံးရင် ကျန်တဲ့သူတွေက ဝိုင်းကြည့်ထားကြ . . ."

ရွာသားတစ်ယောက်က စပြုံးပါတယ်။ ဒါပေမယ့် . . . အားလုံးက ဝိုင်းဟားကြတယ်။

"ဟား. . . ဟား. . . ပြုံးတာတဲ့ . . ။ ဇာတ်မင်းသားကြီး ဝမ်းညှစ်လို့မရတဲ့ပုံနဲ့. . ."

အဲ့ဒီရွာသား မအောင်မြင်ဘူး . . . ။ နောက်တစ်ယောက် . .

"ဟင် . . လူကြားထဲမှာ လုံချည်ကျွတ်ကျလို့ ဟန်လုပ်ပြုံးတဲ့ပုံကြီး "

နောက်တစ်ယောက်. . .





"ပြုံးတာကလည်းကွာ . . ဗူးထဲက သွားတိုက်ဆေး ပြွတ်ကနဲ ထွက်လာသလိုကြီး. . ."

ဘယ်သူမှ အဆင်ပြေပြေ မပြုံးနိုင်ကြပါဘူး။ တချို့ လူတွေရဲ့ အပြုံးတွေမှာဆိုရင် ဘဝအမောတွေ တောင် ပါနေတယ်. . ။. တချို့အပြုံးတွေကျတော့ ရွက်ကျပင်ခပေါက်ဆန်နေပြန်ရော . . . ။

နောက်ဆုံးမှာ သူကြီးက. . .

"ကဲ. . . မင်းတို့ ဘယ်သူမှလည်း အဖြစ်မရှိဘူး . . . ။ ဒီပုံကို ဘယ်သူမှ မယူကြနဲ့တော့ . . . ငါပဲ သိမ်းလိုက်တော့မယ်"

"အာ . . ဘယ်ဟုတ်ဦးမလဲ"

ရွာသားတွေက မကျေနပ်ကြဘူး။

"ဘာမဟုတ်တာလဲ"

"သူကြီးလည်း ပြုံးပြလေဗျာ. . . ."

"ဟုတ်တယ် . . ဟုတ်တယ်. . . သူကြီးလည်း ပြုံးရဦးမှာပေါ့"

သူကြီး အကြပ်ရိုက်သွားတယ် . . . ။ ရွာသားတွေကလည်း သူကြီး ပြုံးပြဖို့ကိုပဲ တစ်ယောက်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ် ဆူညံတောင်းဆိုနေကြတယ်။ သူကြီးအနေနဲ့ မလွန်ဆန်သာတော့ဘူး။

"ကဲ . . . ကဲ . . . ဒါဖြင့်လည်းပြုံးမယ်ကွာ . . . ပြုံးမယ် . . ."

"ဟေး . . ."

ရွာသားတွေက ဝမ်းသာအားရ လက်ခုပ်တီး သြဘာပေးကြတယ်။ သူကြီးက ပြုံးဖို့ပြင်ဆင်တယ်။

"အဟမ်း"

"ဟင် . . . ပြုံးဖို့အရေးများ ချောင်းဟန့်နေသေးတယ်"

"ဘာဖြစ်လဲကွ . . . ငါ့ဘာသာ ချောင်းဟန့်တာ"

"ကဲပါဗျာ . . . ပြုံးပါ . . . ပြုံးပါ"

ရွာသားတစ်ယောက်က တိုင်ပေးတယ်။

"ကဲ . . . ပြုံးမယ် . . . တစ် . . . နှစ် . . . သုံး . . ."

"ငါ့ဖာသာပြုံးမယ်လို့ ပြောနေတယ်မဟုတ်လား၊ လက်ဝှေ့ကြီး ဝိုင်းထဲမှာ နံပါတ်စဉ်ရေသလို ငါ့ကို လာလုပ်မနေနဲ့"

"ကဲ . . . ဒါဖြင့်လည်း ကိုယ့်ဖာသာ ပြုံးဗျာ . . .





ပြုံး . . . ၊ ကြာတယ် . . "

သူကြီးက နှာခေါင်းကို လက်နဲ့ပွတ်တယ် . . ။ သူ့ကို ဝိုင်းကြည့်နေတဲ့ ရွာသားတွေကို ရှုတည်တည် ပြန်ကြည့်တယ် . . . ။ ပြီး . . . ဘောက်ဆတ်ဆတ်ပြန်မေးတယ် . . ။

"မင်းတို့က ငါ့ကို ဘာဝိုင်းကြည့်နေတာလဲ"

"ဟင် . . သူကြီးပြုံးတာကို စောင့်ကြည့်နေတာလေ"

"မင်းတို့ . . အဲ့ဒီလို ဝိုင်းကြည့်နေရင် ငါ မပြုံးတတ်ဘူး"

"ဟ . . . ဘယ်ရမလဲ . . ကျုပ်တို့ကိုကျတော့ ဒီအတိုင်း ပြုံးခိုင်းပြီး သူကြီးလည်းပြုံးပါ"

"ဟုတ်တယ် . . . ဟုတ်တယ် . . . သူကြီးလည်း ပြုံးပါ၊ သူကြီးရဲ့ စံချိန်မီအပြုံးလေးကို မျှဝေခံစားချင်လို့ပါ"

သူကြီးလည်း ဘာပြောရမလဲမသိဘူး ။ ပြောမိတဲ့စကားက တစ်ခွန်းတည်း . . ။

"မပြုံးဘူးကွာ၊ တော်ပြီ . . . ၊ ဒီရုပ်ပုံကို ငါလည်း မယူတော့ဘူး၊ ဥပုသ်ဇရပ်မှာ မှန်ဘောင်သွင်းပြီး ကပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ရွာရဲ့ ဘုံပိုင်အဖြစ်ထားလိုက် . . .၊ ဒါပဲ"

အပြုံးရုပ်ပုံလွှာဟာ. . . ရွာရဲ့ဘုံပိုင်အဖြစ် ဥပုသ်ဇရပ်နံရံမှာ ချမ်းချမ်းမြေ့မြေ့ ရောက်ရှိသွားပါတယ်။ ရွာသားတွေကလည်း ကျေနပ်ကြတယ်။ ခက်ရတာက သူကြီး . . .။ အရင့်အရင်က သူပြုံးတာကို ရွာသားတွေက အမှတ်တမဲ့ပါပဲ၊ ဒီဖြစ်ရပ်ရဲ့နောက်ပိုင်းမှာ အားလုံးက သူပြုံးမှာကို သတိထားပြီး စောင့်ကြည့်နေကြတယ်။ သူကြီးခမျာ. . . မပြုံးရဲဘူး။ တည်တည်ကြီးပဲ နေရတယ်။ သူတို့လုပ်တာနဲ့ပဲ . .။ အင်း သူတို့လုပ်တာနဲ့ပဲ . . .

သူကြီးခမျာ. . . အနေရကြပ်လိုက်တာ . . .။


❑



# ၁၄။ သေမင်းဝေဒင်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ မစ္စတာ ရှားလော့ဟုမ်းနဲ့ ဒေါက်တာ ဝပ်ဆင်တို့ စကားစမြည်ပြောနေတုန်း လူတစ်ယောက်ဟာ တိုက်ခန်းထဲကို ပျာယီးပျာယာ ဝင်လာသတဲ့ . . ။ သူ့ကို ကြည့်ပြီး မစ္စတာဟုမ်းက ဆီးပြောလိုက်တယ်။

"ဘုရားက ပြန်လာတဲ့သူထင်တယ် . . . ဟုတ်စ"

"ခင်ဗျာ . . ဟုတ်ပါတယ်"

"ဒီနေ့က ဘာသာရေး နေ့ကြီးရက်ကြီးဖြစ်တာရယ်၊ ဘုရားဖူးဝတ်စုံမျိုးကို ခင်ဗျား ဝတ်ထားတာရယ် . . . ခင်ဗျားရဲ့ အိတ်ထဲမှာ လုံးထွေးထည့်ထားတဲ့ ပုတီးရယ်ကြောင့် ခုလိုမျိုး ပြောနိုင်တာပါ။ ဒါ့ထက် ပေဒင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်မေးလာခဲ့တယ်ထင်တယ်"

"ခင်ဗျာ . . . ဟုတ်ပါတယ်"

"ခင်ဗျားကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဆောင်ယတြာ လက်စွပ် ဆွဲကြိုးတွေအရ ခင်ဗျားဟာ ဗေဒင်ကို ယုံကြည်သူတစ်ယောက်ဆိုတာ သိသာပါတယ်။ ဘုရားက ဗေဒင်ဆရာတစ်ယောက်ဆီမှာ ခင်ဗျား ဗေဒင် ဝင်မေးလာခဲ့လိမ့်မယ်၊ သူကခင်ဗျားကို စိတ်မချမ်းသာစရာတွေကို ဟောပြောလိုက်လိမ့်မယ်။ မရေရာတဲ့ အန္တရာယ်တစ်ခုခုကို လွယ်ပိုးထားရတဲ့ လူတစ်ယောက်ရဲ့ မျက်နှာအမူအရာမျိုး ခင်ဗျားဆီမှာ တွေ့ရတယ်"

"ခင်ဗျာ. . . ဟုတ်ပါတယ်"

"ကျုပ်ဆီကို ရောက်လာတယ်ဆိုတော့ ဗေဒင်ဆရာက ခင်ဗျားကို အသက်အန္တရာယ်ရှိတယ်တို့၊ အမှုအခင်းကြုံနိုင်တယ်တို့၊ ရန်သူရှိမယ်တို့ အဲဒါမျိုးကို ဟောလိုက်ပုံရတယ်"

"ခင်ဗျာ . . . ဟုတ်ပါတယ်"

"အဲဒါကြောင့် ကျုပ်ဆီကို အမှုလာအပ်တယ်ဆိုပါတော့ . ."





"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျ"

"ကဲ . . ကဲ. . . အဖြစ်အပျက်ကို ဆိုစမ်းပါဦး"

"ဗေဒင်ဆရာကတော့ ခပ်နုတ်ချာချာပါပဲ မစ္စတာဟုမ်း. . ကျွန်တော်ကလည်း အပျော်သဘော ဝင်မေးကြည့်တာပါ၊ လူချမ်းသာပုံပေါက်နေတဲ့ ကျွန်တော့်ပုံစံကိုကြည့်ပြီး အဲဒီဗေဒင်ဆရာက ကြေးကြီးကြီး တောင်းပါတယ်။ သူ့အတွက် မက်မောစရာဖြစ်ပေမယ့် ကျွန်တော့်အတွက်က အပန်းမကြီးတဲ့ငွေဖြစ်နေလို့ ကျွန်တော်ပေးလိုက်ပါတယ်။ အဲဒီမှာ သူက ကျွန်တော့်ကို ခုနက မစ္စတာဟုမ်း ပြောတဲ့အချက်တွေကို ဟောလိုက်ပါတယ်"

"အင်း . . ဆက်ပြောပါ မိတ်ဆွေ"

"ကျွန်တော်ရဲ့ရန်သူဟာ နာမည်မှာ ခ၊ ထ၊ သ၊ မ၊ အ ဆိုတဲ့ စာလုံးမျိုးတွေပါမယ်လို့ဆိုပါတယ်။ ကျွန်တော့်ရဲ့ စီးပွားပြိုင်ဘက်တွေထဲမှာလည်း အဲဒီနာမည်တွေပါပါတယ်။ ရက်ပိုင်းအတွင်းမှာ ကြုံမယ့်ကိစ္စဆိုတော့ ကျွန်တော် အတော်စိုးရိမ်မိပါတယ်။ သူက ကျွန်တော့်ကို စမအဆောင်တစ်ခုကို ပေးပါတယ်။ အဲဒီစမကို လက်ဖဝါးထဲမှာ ထည့်ဆုပ်ခိုင်းပါတယ်။ အဲဒီစမသတ္တုလိပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



က လက်ထဲမှာတိုးသလား၊ လက်ဖဝါးထဲမှာ ပုရွက်ဆိတ်သွားသလို ရွရွ့ရွရွနေသလားလို့ မေးပါတယ်။

"အင်း . . အဲဒီတော့ . . ."

"သူပြောတဲ့အတိုင်းဖြစ်ပါတယ်။ အဲဒီတော့ စမကို ဆောင်ထားဖို့ ပေးလိုက်ပါတယ်။ အဲ. . . စမဖိုးကို ထပ်တောင်းလို့ ထပ်ပေးရပြန်ပါတယ်။ အဲ့ဒီစမကို ဆောင်ထားမှာပါ။ ဒါပေမဲ့ ပိုပြီး သေချာလုံခြုံမှုရှိအောင် မစ္စတာဟုမ်းဆီ အမှုလာအပ်တာပါ . ."

"အဲ့ဒီ ဗေဒင်ဆရာရဲ့ အမည်နဲ့နေရပ်က . . ."

အမှုလာအပ်သူက မဆိုင်းမတွပြောပြပြီး မစ္စတာဟုမ်းကို အမှုအပ်ခ ဘယ်လောက်ပေးရမလဲလို့ မေးသတဲ့ . . မစ္စတာဟုမ်းက ပြုံးရယ်ပြီး ခေါင်းခါပြတယ်။ ပြီး. . . ခပ်ပြတ်ပြတ်ပြောလိုက်တယ်တဲ့ . . ။

"ခင်ဗျား အမှုကို ကျုပ်လက်မခံဘူး . ."

ဟိုလူက မျက်နှာငယ်သွားပြီး 'ခင်ဗျာ. . . ဘာဖြစ်လို့လဲ 'လို့ မေးတယ်။

"ခင်ဗျားရဲ့အမှုက အမှုမှမဟုတ်ပဲ။ နောက်ပြီး အဲ့ဒီဗေဒင်ဆရာ ပြောတဲ့ကိစ္စတွေ ခင်ဗျားမှာ ဖြစ်မလာ





စေရဘူးလို့ ကျုပ်အာမခံတယ်။ ဒီမှာ. . . ကျုပ် စာရေးပြီး လက်မှတ်ထိုးပေးလိုက်မယ် . ."

မစ္စတာဟုမ်းရဲ့ အကြည့်အပြောနဲ့ ရဲ့ဝံ့တဲ့ အာမခံချက်ကြောင့် အမှုလာအပ်သူဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပြန်သွားတယ်။ အဲ့ဒီလူ ပြန်သွားမှ ဒေါက်တာဝပ်ဆင်က မစ္စတာဟုမ်းကို မေးတယ်တဲ့. . . ။

"အဲ့ဒီဗေဒင်ဆရာအကြောင်း ခင်ဗျားသိလို့လားဗျ"

"မသိပေါင်ဗျာ . ."

"စုတ်စုတ်နုတ်နုတ်နဲ့ငွေမက်တဲ့ ဗေဒင်ဆရာဖြစ်နေလို့လား"

"ဥပမိရုပ်မကောင်း၊ အကျင့်မကောင်းပေမယ့် ပညာကောင်းသူတွေလည်း အရှိသားဗျ . ."

"သူ့ စမဆိုတာကတော့ ထူးဆန်းသလိုပဲနော်"

"ခင်ဗျားကလည်းဗျာ ပညာတတ်ဆရာဝန်တစ်ယောက် လုပ်နေပြီး. . . ဒါမျိုးကတော့ ဖြစ်တတ်ပါတယ်၊ လက်ဖဝါးက သွေးခုန်နှုန်းကြောင့်လည်း ဖြစ်နိုင်တယ်၊ စိတ်ပညာရဲ့ ဟုတ်ယောင်ထင်မှုကြောင့်လည်း ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

“ရန်သူကို အမည်စာလုံးတွေ ထောက်ပြသွားတာကကောဗျာ”

“ပညာလည်းစစ်နိုင်တယ် အလိမ်အညာလည်း ဖြစ်နိုင်တယ်၊ အဲ့ဒီမှာ ဒီကိစ္စကို ရှင်းလိုက်နိုင်တာပဲ”

“ပြောပါဦးဗျ”

“အလိမ်အညာဆိုရင်တော့ ပြီးတာပဲဗျ၊ သူပြောတာကို ယုံစရာမှမရှိဘဲ”

“ပညာဆိုရင်ကောဗျာ”

“သူ့ရန်သူနာမည်မှာပါမယ့် အက္ခရာတွေကို ခင်ဗျားမှတ်မိလား”

“အင်း . . မှတ်မိပါရဲ့”

“ဗေဒင်ဆရာရဲ့ နာမည်ကကော ဘယ်သူတဲ့တုန်းဗျ”

“ဗေဒင်ဆရာနာမည်က. . . ဟင်. . . ဗေဒင်ဆရာရဲ့ နာမည်မှာ အဲ့ဒီစာလုံးတွေ အကုန်ပါနေပါလား”

“ရန်သူပြောတာကကော ယုံရပ့ါမလား ”

“ဗေဒင်ဆရာကကို သူ့ရန်သူဖြစ်နေတာကိုး . . ”





မစ္စတာဝပ်ဆင်က အားရပါးရ အော်ရယ်တယ်တဲ့။ ပြီးတော့လည်း ပြောတယ်။

“ဘာပဲပြောပြော. . . သူ့အဖြစ်ကဆိုးပါတယ် ဟုမ်းရယ်”

မစ္စတာဟုမ်းက ဆေးတံကို ပြုံးပြုံးကြီးဖွာရင်း မေးတယ်။

“ဘယ်လိုဆိုးတာတုန်းဗျ”

မစ္စတာဝပ်ဆင်က တွေးတွေးစစနဲ့ ဒဿနဆန်တဲ့ မှတ်ချက်ကိုချတယ်။

“သြော်. . . သူက ရန်သူဆီမှာမှ ဗေဒင်သွားမေးမိတာကိုးဗျ” တဲ့. . . ။

❑




www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ကြာပွတ်ကင်ဆာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက မြေရှင်ကြီးတစ်ယောက်ဟာ အခြွေအရံတွေနဲ့ တောကစားထွက်ရင်း အင်မတန်ကြီးမားတဲ့ ချုန္ဓယ်ကြီးတစ်ခုကို တွေ့ရသတဲ့။ စိတ်ဝင်တစား လှည့်ပတ်ကြည့်ရင်း သူက မှတ်ချက်ချတယ်။

“အင်း . . . ကြာပွတ်လုပ်လို့ အတော်ကောင်းမယ့် နွယ်ပင်ကြီးတွေပဲ”

အခြွေအရံတွေကလည်း ဝိုင်းဝန်းထောက်ခံကြတယ်။ အဲဒါနဲ့ပဲ အသင့်တော်ဆုံးဖြစ်မယ့် နွယ်ပင်ကြီးတစ်ပင်ကို ခုတ်ပြီး ကြာပွတ်လုပ်ကြတယ်။

မြေရှင်ကြီးဟာ သူ့အိမ်ခန်းမထဲမှာ အဲဒီကြာပွတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပီတိတွေနဲ့ ဝှေ့ရမ်းရင်း လက်တည့်စမ်းချင်နေတယ်။

"ဟေ့. . . သူရင်းငှား တစ်ယောက်ယောက်ကို သွားခေါ်စမ်းကွာ "

သူရင်းငှားတစ်ယောက် ရောက်လာတဲ့အခါ မြေရှင်ကြီးက ကြာပွတ်ကိုဝှေ့ရမ်းပြီး အမိန့်ပေးပါတယ်။

"တိုင်ကိုဖက်စမ်း"

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ "

"တိုင်ဖက်ဆို ဖက်ထားစမ်းကွာ ၊ မင်းကို ကြိမ်ဒဏ်သုံးချက်ပေးရမယ်၊ ကြိမ်အစား ကြာပွတ်နဲ့ပဲ ရိုက်မယ်"

အဲဒီနောက်မှာ မြေရှင်ကြီးဟာ တိုင်ဖက်ထားတဲ့ သူရင်းငှားကို ကြာပွတ်နဲ့အားပါးတရ ရိုက်ပါတော့တယ်။

"နာလား"

"အ. . . နာတယ်ခင်ဗျ"

"အာ. . . ပိုနာတယ်ခင်ဗျ"

"ကဲ. . . နောက်ဆုံးအချက်"

"အား . . . အနာဆုံးပါပဲခင်ဗျား "

သူ့ဒဏ်ခတ်မှုအဆုံးမှာ သူရင်းငှားဟာ နာကျင်မှု





ကို ကြိတ်မှိတ်ခံစားရင်း . . . သူ မရှင်းတာကို ထပ်မေးတယ်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"အခုတော့ မရှိသေးပါဘူးကွာ၊ တစ်နေ့နေ့မှာ ရှိလာနိုင်လို့ ကြိုပြီး ပြစ်ဒဏ်ချထားတာ ၊ မင်းမနစ်နာပါဘူး"

သူရင်းငှားဟာ မြေရှင်ကြီးကို စူးစူးရှရှတစ်ချက်ကြည့်ပြီး ပြန်သွားပါတယ်။ မြေရှင်ကြီးက ကြာပွတ်ရယ်၊ သူရဲ့ ရိုက်ချက်ရယ်ကို အားရနေတယ်၊ ဒါပေမဲ့ ပြန်ခါနီးမှာ သူရင်းငှား သူ့ကိုကြည့်သွားတဲ့အကြည့်ကို စိတ်ထဲမှာ တစ်မျိုးခံစားရတယ်။ နောက်ရက်တွေမှာ အသံကြားရတော့တာပါပဲ။ သူ့အခြွေအရံတွေက လာပြောတယ်။

"ဟိုသူရင်းငှားက ပြောနေတယ်၊ တွေ့ကရာလူကို ပြောတာ၊ သူမှာ ပြစ်မှုတစ်ခု ကျူးလွန်ခွင့်ရှိပြီတဲ့၊ ပွတာပဲတဲ့"

မြေရှင်ကြီး နေမရထိုင်မရ ဖြစ်သွားပါတယ်။ ဥပဒေအကြံပေးကို ခေါ်တိုင်ပင်တယ်။

"ဟုတ်ပါတယ်၊ သူမှာ အခွင့်အရေးရှိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငှားထားတဲ့ အလွတ်စုံထောက်ကို ခေါ်မေးတယ်။

"ဒီသူရင်းငှားအခြေအနေ ဘယ်လိုရှိလဲ"

"အခုထိတော့ သူ ဘာမှမလုပ်သေးပါဘူး၊ ဒါပေမဲ့ တစ်ခုခုတော့ လုပ်မယ့်ပုံရှိပါတယ်၊ အကြံအစည်ရှိတဲ့ အပြုံးမျိုးပြုံးနေတတ်တယ်"

မြေရှင်ကြီးခမျာ အတော်လေး စိတ်ကသိကအောက် ဖြစ်ရပါတယ်။ ဒါပေမဲ့ သူ့လက်ဆော့မှုနဲ့သူဆိုတော့ ဘာမှမပြောသာဘူး။ အဲဒီ သူရင်းငှားကိုပဲ လူအင်အားသုံးပြီး စောင့်ကြည့်ခိုင်းနေရပါတယ်။ သူရင်းငှားရဲ့ မထီတရီအပြုံးကိုလည်း သူမခံနိုင်ဘူး၊ တွေ့ကြဆုံကြတဲ့အခါ 'နေကောင်းပါစခင်ဗျား' ဆိုပြီး သူရင်းငှားက ခါးလေးကိုင်ပြီး နှုတ်ဆက်တာကိုလည်း သူ မသက်သာဘူး။

ခက်တာက သူရင်းငှားကလည်း တော်တော်နဲ့ ဘာမှမလုပ်ဘူး။ တစ်ခုခုလုပ်မယ်ဆိုတာကို သိထားရက်နဲ့ ဘာမှမလုပ်သေးလို့ စောင့်ကြည့်နေရတာက ပင်ပန်းလှပါတယ်။ လုပ်မယ်ထင်ထားတဲ့အချိန်မှာ မလုပ်ဘူး။ အဲဒါဆို မလုပ်ဘူးလို့ ထင်ထားတဲ့အချိန်မှာ သူလုပ်လိမ့်မယ်။ အဲဒီလိုလှည့်တွေးရင်း မြေရှင်ကြီး အိပ်မပျော်တော့ဘူး။ ခွေး





ဟောင်သံကြားရင်လည်း စိတ်ချောက်ချားတယ်။ ကြက်တွေ၊ ဘဲတွေထအော်ရင်လည်း လန့်နိုးတယ်။ စားလို့လည်း မဝင်ဘူး၊ ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်လာတယ်။

သမားတော်ကြီးကို ခေါ်ပြတော့ . . . .

"မြေရှင်ကြီးရဲ့ ကျန်းမာရေးက စိတ်အပေါ်မူတည်နေတယ်၊ စိတ်ထောင်းလို့ကိုယ်ကြေမယ့် ပုံစံမျိုးပေါ့"

အဲဒါနဲ့ပဲ မြေရှင်ကြီးဟာ သူရဲ့ ကိုယ်ရေးအရာရှိနဲ့ တိုင်ပင်တယ်၊ ကိုယ်ရေးအရာရှိက ပြောတယ်။

"မထူးတော့ပါဘူး မြေရှင်ကြီးရယ်၊ နောက်ဆုံးနည်းလမ်း တစ်နည်းပဲရှိတယ်"

"ဘာများလဲ"

"မြေရှင်ကြီး သူ့ဆီမှာ ကြာပွတ်နဲ့ သုံးချက်ပြန်အရိုက်ခံလိုက်ပါ၊ အဲဒါဆို ပွဲကပြီးသွားပြီ"

မြေရှင်ကြီးအဖို့ အတော်ကို ခါးခါးသီးသီးနိုင်တဲ့ အကြံပေးစကားပါပဲ၊ ဒါပေမဲ့ စေ့စေ့တွေးကြည့်တော့လည်း ဒီနည်းကပဲ အကောင်းဆုံးလိုဖြစ်နေတယ်။ အဲဒါမှ သူခံစား



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ စိတ်ဒုက္ခကကျွတ်သွားမယ်။ နောက်ဆုံးကျတော့လည်း မြေရှင်ကြီးဟာ အဲဒီနည်းလမ်းကိုပဲ သုံးဖို့ အသည်းနာနာနဲ့ ဆုံးဖြတ်လိုက်ပါတယ်။

"ဟော့. . . သူရင်းငှားကို သွားခေါ်လိုက်စမ်းကွာ"

သူရင်းငှားရောက်လာတဲ့အခါမှာ မြေရှင်ကြီးက ကြာပွတ်ကို ကမ်းပေးတယ်။ သူကတော့ တိုင်ဖက်လိုက်ရင်း . . . .

"မင်း. . . ငါ့ကို ကြာပွတ်နဲ့ရိုက်စမ်း"

"မြေရှင်ကြီးမှာ အပြစ်ရှိနေတယ် ထင်တယ်"

"ရိုက်ဆိုရိုက်စမ်းကွာ၊ အဲဒီကြာပွတ်နဲ့ သုံးချက်ရိုက်"

သူရင်းငှားဟာ တိုင်ဖက်ထားတဲ့ မြေရှင်ကြီးကို ကြာပွတ်နဲ့ အားပါးတရ ရိုက်ပါတော့တယ်။

"နာလား"

"နာ . . . နာလိုက်တာ"

"လာပြီ ဒုတိယ ရိုက်ချက်"

"အလိုလေး . . . နာလှပေါ့"

ဖြစ်ချင်တော့ သူရင်းငှားက နောက်ဆုံးရိုက်ချက်





ကို ဆက်မရိုက်ဘူး။ သူ့လို ကာယလုပ်သားတစ်ယောက်ရဲ့ ရိုက်ချက်ကို မြေရှင်ကြီးလို လူနုတစ်ယောက်က မခံနိုင်ဘူးလေ။ ကျန်းမာရေးကလည်း မကောင်းလှဘူးမို့လား။ ဆက်ရိုက်ရင် သေသွားနိုင်တယ်။

"ကျွန်တော် သက်ညှာလိုက်ပါမယ့်၊ နောက်တစ်ချက်ကို ကြုံမှပဲ လာရိုက်တော့မယ်"

မြေရှင်ကြီးကလည်း မျော့ပြီးကျန်ရစ်ခဲ့တယ်။ သုံးလေးရက်လောက် ဆေးကုယူရတယ်။ နောက်ရက်တွေမှာ အသံကြားရတော့တာပါပဲ။ သူ့အခြွေအရံတွေက လာပြောတယ်။

"ဟိုသူရင်းငှားက ပြောနေတယ်၊ တွေ့ရာလူကိုပြောတာ၊ ကြုံတဲ့အခါ မြေရှင်ကြီးကို သူတစ်ချက်ဝင်ရိုက်ရဦးမယ်တဲ့ "

မြေရှင်ကြီး ငိုချင်သွားပါတယ်။ ဒါပေမဲ့ သူ့အပြစ်နဲ့သူဆိုတော့ ဘာမှမပြောသာဘူး။ ခက်တာက သူရင်းငှားကလည်း တော်တော်နဲ့ လာမရိုက်ဘူး၊ ရိုက်မယ်မှန်း သိရဲ့သားနဲ့ လာမရိုက်သေးလို့ စောင့်နေရတာဟာ ပင်ပန်းလှပါတယ်။ ဝင်ရိုက်မယ်ထင်ထားတဲ့ အချိန်တွေမှာ မရိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒါဆိုရင် မရိုက်ဘူးလို့ထင်ထားတဲ့ အချိန်မှာ သူဝင်ရိုက်လိမ့်မယ်။ အဲဒီလို လှည့်တွေးရင်း မြေရှင်ကြီးမှာ အိပ်လို့မပျော်တော့ဘူး။ စားလို့လည်း မဝင်တော့ဘူး။ သူရင်းငှားရဲ့ မထီတရီအပြုံးကိုလည်း သူမခံနိုင်ဘူး။ သမားတော်ကြီးကို ခေါ်ပြတော့ . . .

"ရှစ် . . . ခနဲမြည်တဲ့ ကြာပွတ်ရိုက်သံကို ကြားရင် မြေရှင်ကြီး ဘယ်လိုနေသလဲ"

"အိုး . . . ဆက်မပြောပါနဲ့တော့၊ ကျောရိုးကြီး ကြက်သီးထသွားသလို ခံစားရပါတယ်"

"ဒါဆိုရင် သေချာပါပြီ၊ မြေရှင်ကြီးဖြစ်နေတဲ့ ရောဂါက 'ကြာပွတ်ကင်ဆာ' ပဲ၊ ဆေးမရှိဘူး"

"ဒါ . . . ဒါဆိုရင် . . . "

"လုပ်စရာရှိတာလေးတွေလုပ်ပြီး စောင့်သာနေတော့ပေါ့ဗျာ "

မြေရှင်ကြီးလည်း တထိတ်ထိတ်နဲ့ပဲ 'ရှစ်' ခနဲ ရိုက်ဆင်းလာမယ့် ကြာပွတ်ရိုက်သံတစ်ချက်ကို ရယ်လိုက်ငိုလိုက် စောင့်ဆိုင်းနေရတော့တယ်။

❑



# ၁၆။ နယ္မတန်မသိလိုက်တဲ့ဗိနပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက လူတစ်ယောက် ရှိခဲ့ဖူးတယ်။ သူ့အကြောင်းကို ထွေထွေထူးထူးညွှန်းဖွဲ့ပြောစရာအကြောင်း မရှိပါဘူး။ သာမာန်ပါပဲ၊ မချမ်းသာပေမယ့် မဆင်းရဲဘူး၊ လက်မှုလုပ်ငန်းတစ်ခုကိုလုပ်ပြီး ရပ်တည်တယ်။ လူပျိုကြီး မို့လို့ မိသားစုဝန်ကင်းတယ်။

တစ်နေ့ . . . မိုးအေးအေးနဲ့ အိမ်ထဲမှာပဲ သူတီဗီ ထိုင်ကြည့်နေတုန်း . . . ဒေါက်ဒေါက် . . . ဒေါက် . . .

တံခါးခေါက်သံ ကြားရပါတယ်။ ဘယ်သူလဲရယ်တော့ ဘယ်သိမလဲ။ "တံခါးဖွင့်ထားတယ်၊ တွန်းဝင်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အထဲကိုဝင်လာသူက ဆင်းရဲနွမ်းပါးပုံရတဲ့ မျက်နှာစိမ်းမိန်းမတစ်ယောက်။ သူအံ့ဩသွားတယ်။ အဲဒီမိန်းမကို မသိဘူးလေ။

"ခင်ဗျားက ဘယ်သူလဲ"

"ကျွန်မက မလှပါ"

"ဘာကိစ္စများရှိလို့လဲ"

"ဖိနပ်တစ်ရံ ရောင်းချင်လို့ပါ"

"အာ . . . ကျွန်တော့်မှာ ဖိနပ်ရှိသေးတယ်။ ဟောင်းပေမယ့် စီးလို့ရသေးတယ်"

"ဝယ်ကြည့်ပါဦးရှင့် . . . ထူးခြားမှာပါ"

အဲဒီမိန်းမက သူယူလာတဲ့ဖိနပ်ကို ထုတ်ပြတယ်။ ဖိနပ်က အသစ်စက်စက်ပဲ၊ လှလည်းလှတယ်။ သူ့ခြေထောက်နဲ့လည်း အနေတော် ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူက အဲဒီမိန်းမကို မသင်္ကာဘူး။

"မဝယ်တော့ဘူးဗျာ၊ ခင်ဗျားဘာသာ တခြားသွားရောင်းပါ"

"ကျွန်မ ဈေးလျှော့ပေးပါ့မယ်ရှင့်"

"ဟင့်အင်း . . မလိုချင်ပါဘူးဗျာ"





"စီးကြည့်ပါဦးရှင့်"

"ဟင့်အင်း မစီးတော့ပါဘူး၊ ခင်ဗျားရောင်းတာမို့လို့လည်း မဝယ်ချင်ဘူး မလှရဲ့။ မြန်မာစကားပုံလည်း ရှိသားပဲ။ ခင်ဗျားရဲ့ နာမည်နဲ့ကို တိုက်ရိုက်ဆိုထားတာ။ 'မရှိခိုးနိုး မလှစုန်းမျိုး 'တဲ့"

"အို . . စကားပုံက အဲဒီလိုမဟုတ်ပါဘူးရှင့်။ 'မရှိခိုးနိုး မလှစုန်းယိုး'ပါ။ မရှိတဲ့သူကို ခိုးမယ်ထင်ကြတယ်။ မလှတဲ့သူကို စုန်းလို့ယိုးစွပ်ကြတယ်။ အဲ့ဒီလိုပါ"

"ဘယ်လိုပဲဖြစ်ဖြစ် မဝယ်ချင်ပါဘူးဗျာ"

"ဝယ်ပါရှင့်"

ပြောရဆိုရတာ အတော်လက်ပေါက်ကပ်တဲ့ မိန်းမပါပဲ။ နားညည်းမခံနိုင်တဲ့အဆုံးမှာ သည်မိန်းမ ပြန်ရင်ပြီးရောဆိုတဲ့စိတ်နဲ့ အဲဒီဖိနပ်ကို ဝယ်လိုက်ပါတယ်။ ဈေးကလည်း အတော်ချိုပါတယ်။

ဒါပေမဲ့ သူဟာ အဲဒီဖိနပ်ကို အတော်နဲ့မစီးဖြစ်ပါဘူး။ စင်ပေါ်တင်ထားပြီး ဖိနပ်အဟောင်းကိုပဲ စီးမြဲဆက်စီးနေတယ်။ အဲ့ဒီလိုနဲ့ တစ်နေ့မှာ ညှိ့ခံပွဲတစ်ခု သွားရမယ့် အခြေအနေ ကြုံလာရော။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဖိနပ်အဟောင်းနဲ့ကတော့ မကောင်းဘူး၊ ဖိနပ်အသစ်ကို စီးသွားမှ "

ဝတ်ကောင်းစားလှတွေကို ဝတ်လို့ မလှ လာရောင်းထားတဲ့ ဖိနပ်အသစ်ကိုစီးပြီး ညစ်ခံပွဲကိုသွားပါလေရော၊ ပြဿနာက အဲဒီမှာစပါတယ်။

"အား . . . ကျွတ် . . . ကျွတ် "

အကြီးအကျယ် ဖိနပ်ပေါက်ပါတယ်။ ဖိနပ်နှုတ်ဖက်ရဲ့ သဲကြိုးလေးချောင်းလုံးက အရေပြားတွေ အသားနီလန်တဲ့အထိကို ပေါက်တာပါ။ သူ မခံနိုင်ပါဘူး။ မခံနိုင်လောက်အောင်ကိုလည်း နာပါတယ်။

"ဖိနပ်က နည်းနည်းလေးကြီးရင် တော်ဦးမယ် . . . ကျွတ်. . . ကျွတ် "

အဲဒီလို သူ ညည်းမိတာမှာတင် ဖိနပ်က တဖြည်းဖြည်းကြီးလာပါတယ်။ အကြီးကြီးဖြစ်တဲ့အထိကို ကြီးလာပါတယ်။ သူစီးလို့ အဆင်မပြေတော့ပါဘူး။

"ဟ . . ဖိနပ်က ပြန်သေးသွားမှဖြစ်မှာပဲ"

အဲဒီလို ရေရွတ်မိတော့လည်း ဖိနပ်က ပြန်သေးသွားပါတယ်။ နဂိုမူလထက်ကို ပြန်သေးသွားပြီး သူ့ခြေ





ထောက်ကို မညှာမတာ ကိုက်ခဲထားသလိုပါပဲ။

"ပြဿနာပဲ၊ ဖိနပ်က နဂိုအတိုင်း ပြန်ဖြစ်ပါ့မလား"

ပြန်ဖြစ်သွားပါတယ်။ သူပြောသလို နဂိုအတိုင်း ပြန်ဖြစ်သွားပါတယ်။ ဒါပေမဲ့ ဖိနပ်ကတော့ ပေါက်မြဲပေါက်ဆဲပါပဲ။ သူအတော်စိတ်တိုသွားတယ်။

"အလကားဖိနပ်၊ ဒုက္ခပေးတဲ့ဖိနပ်၊ သွားဟာ"

ဖိနပ်ကိုဆွဲချွတ်ပြီး လွှင့်ပစ်ဖို့ သူ ကြိုးစားပါတယ်။ ဒါပေမဲ့ မရပါဘူး။ ဖိနပ်ဟာ ဘယ်လိုမှပြန်ချွတ်လို့ မရတော့ပါဘူး။

အမှန်တော့ သူ့ဆီကို ဖိနပ်လာရောင်းတဲ့ မိန်းမဟာ သူထင်တဲ့အတိုင်း စုန်းမတစ်ယောက်ပါ။ အန္တရာယ်ပေးချင်လို့မဟုတ်ဘဲ ချစ်လို့ သက်သက် သူ့ကိုကျီစားတာပါ။ သူ့မှာတော့ အကြီးအကျယ် အခက်ကြုံရပါတယ်။ ချွတ်လို့မရတဲ့ ဖိနပ်တန်းလန်းတန်းလန်းနဲ့ပဲ လိမ့်နေအောင် ခံရပါတယ်။

"အင်း. . . ဒီလိုကျရင် အဆင်ပြေသွားသားပဲ"

ခုန်ခုန်ပြီးလျှောက်ကြည့်ရင် အဆင်ပြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ပေါက်တဲ့ ဒဏ်ကိုလည်း မခံရတော့ပါဘူး။ နောက်ပိုင်းမှာ အပြင်ထွက်တိုင်း ခုန်ခုန်ပြီးတော့ပဲ သူလျှောက်သွားပါတော့တယ်။

မိတ်ဆွေ . . . ခင်ဗျား ပျော်နေတဲ့အချိန်မှာ လူတစ်ယောက်က ကိုယ်ရှေ့လာပြီး ခုန်ဆွခုန်ဆွလုပ်ပြနေရင် ခင်ဗျားနဲ့အတူ လိုက်ပျော်နေတယ်မထင်ပါနဲ့၊ သူ့ကိစ္စနဲ့သူပါ။ သူ့ဖာသာ လမ်းလျှောက်ရင်း ခုန်ဆွခုန်ဆွဖြစ်နေရင်လည်း ဘဝင်မြင့်ပြီး မြှောက်ကြွမြှောက်ကြွဖြစ်နေတယ် မထင်ပါနဲ့၊ သူ့ကိစ္စနဲ့သူပါ။

အရေးကြီးတာက သည်ပုံပြင်ကို ဖတ်ပြီး ကိုယ်ကိုယ်တိုင်က ခုန်ဆွခုန်ဆွ ဖြစ်မနေဖို့ပါပဲ။

❑



# ၁၇။ လျှပ်တစ်ပြက်သတို့သား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက မြို့တစ်မြို့မှာ အင်မတန် ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရှိတယ်တဲ့။ သူ့ရဲ့ထူးခြားချက်ကတော့ အလွန်ပျင်းရိခြင်းပဲတဲ့။

သူ့မှာ သမီးတစ်ယောက်ရှိတယ်။ အချိန်တန်အရွယ်ရောက်လို့ လူလားမြောက်နေပါပြီ။ အိမ်ထောင်ရက်သားချပေးဖို့သင့်ပြီပေါ့။

သူဌေးကြီးဟာ တစ်နေ့တစ်နေ့ ကတ္တီပါညောင်စောင်းမှာ အိပ်လို့သာနေတယ်။ ဧည့်သည်တွေလာရင်လည်း အဲဒီအတိုင်းပဲ မထစတမ်းစကားပြောတယ်။

"သူဌေးကြီး ဘာတွေစဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို အိမ်ထောင်ချပေးဖို့ပါဗျာ"

"ဘယ်သူနဲ့လဲ"

"အဲဒါကို စဉ်းစားနေတာပဲ"

သူဌေးကြီးရဲ့သမီးဟာ သူဌေးကြီးလောက် မဖျင်းတတ်ပါဘူး။ ဒါပေမဲ့ လှ့လ ဝီရိယရှိတယ်လို့လည်း မဆိုနိုင်ဘူး။ ရုပ်ရည်အသင့်အတင့်၊ ပညာအသင့်အတင့်ရှိတဲ့ သာမန်မိန်းမတစ်ယောက်ပါပဲ။ ဖခင်သူဌေးကြီးက သူ့ကို အိမ်ထောင်ပြုပေးဖို့ စဉ်းစားနေကြောင်း သိရတဲ့အခါ သူ ရင်ခုန်ပါတယ်။ ဘယ်သူက သူ့ရဲ့သတို့သားဖြစ်မလဲဆိုတာကိုလည်း စိတ်ဝင်တစားဖြစ်နေမိတယ်။ အာရုံထဲမှာ အမျိုးမျိုး မြင်ယောင်ကြည့်နေတော့တာပေါ့။

ဒါပေမဲ့ နေ့ရက်တွေသာပြောင်းသွားတယ်။ သူ့အခြေအနေက ဘာမှမပြောင်းလဲဘူး။ အဖေလုပ်သူက ပျင်းလွန်းတာကိုး။ သတို့သားအရှာထွက်တာမျိုးကိုလည်း အလုပ်တစ်ခုအနေနဲ့ သေသေချာချာမလုပ်ဘူး။ တစ်နေ့တစ်နေ့ ကတ္တီပါညောင်စောင်းပေါ်မှာပဲ မျက်လုံးမှေးပြီး လဲလျောင်းနေတယ်။ ဧည့်သည်တွေလာရင် အဲဒီအတိုင်းပဲ စကားပြောတယ်။ ပြောတဲ့စကားကလည်း ဒါပဲ။ အက်





ကြောင်းထဲမှာ ညက်နေပြီ။

"သူဌေးကြီး ဘာတွေစဉ်းစားနေတာလဲ"

"သမီးကို အိမ်ထောင်ချပေးဖို့ပါဗျာ"

"ဘယ်သူနဲ့လဲ"

"အဲဒါကို စဉ်းစားနေတာပဲ"

ကြာတော့ သမီးဖြစ်သူက ရှက်လည်းရှက်၊ ဒေါသလည်းထွက်လာတယ်။

"အဖေ အဲဒီလိုလုပ်နေတာ မကောင်းဘူးနော်။ သမီးဖြင့် ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး"

သမီးဖြစ်သူက စိတ်ဆိုးမာန်ဆိုး အရေးဆိုလာတော့လည်း သူဌေးကြီး နည်းနည်းလှုပ်လှုပ်ရှားရှားဖြစ်ပြီး သူ့သမီးနဲ့ လက်ဆက်ချင်တဲ့ လူငယ်တွေကို လူတွေ့စစ်ဆေးတာတွေ ဘာတွေလုပ်လာတယ်။ ဒါပေမဲ့ အဆင်မပြေပါဘူး။

"မင်းနာမည်ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် တိုကင်ကင်ပါ"

"မင်းက ဘာလုပ်လဲ"

"ကျွန်တော် စာရေးဆရာပါ။ ဂျာနယ်အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com



လည်းလုပ်ပါတယ်။ တက္ကသိုလ်မှာလည်း စာပြပါတယ်။ ကျူရှင်လည်းပြပါတယ်။ အားလပ်ရင် မုန့်ဖက်ထုပ်ထွက်ရောင်းပါတယ်"

အဲဒါမျိုးဆိုရင် သူဌေးကြီးက သဘောမကျဘူးတဲ့။

"မင်း အဲဒီလောက်ဝီရိယရှိနေရင် ငါနဲ့မဖြစ်ပါဘူး"

သူ့သမီးနဲ့မဖြစ်ဘူးလို့ ပြောတာမဟုတ်ဘူးနော်။ သူနဲ့မဖြစ်ဘူးလို့ပြောတာ။ သမက်က ဒီလောက်ဝီရိယရှိရင် ယောက္ခမဖြစ်တဲ့ သူ့ရဲ့အပျင်းကြီးမှုက လူကဲ့ရဲ့စရာပိုဖြစ်မှာကိုး။ အဲဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက်ကို ခါထုတ်နေတော့ သမီးဖြစ်သူဟာ စိတ်မရှည်တော့ဘူး။

"အဖေက ဘယ်လိုလူမျိုးကို သမက်အဖြစ်ရွေးချင်တာလဲ"

"ဒါကတော့ သမီးရယ်"

သူဌေးကြီးက ပွင့်ပွင့်လင်းလင်းမပြောဘူး။ အမှန်တော့ သူက သူ့လိုပဲ အပျင်းကြီးတဲ့ သမက်ကိုလိုချင်တာ။

"အိမ်မှာ ထိုင်နေလို့မရဘူး အဖေ။ မြို့ထဲထွက်ရှာ





မှ ဖြစ်မှာပေါ့"

သမီးဖြစ်သူ နားပူနားဆာလုပ်လွန်းလို့ သူဌေးကြီးဟာ မြို့ထဲထွက်ပြီး သမက်လောင်းအရှာထွက်သတဲ့။ လမ်းဆုံလမ်းခွ တစ်နေရာအရောက်မှာ သူ့ဆီကို နောက်ပြန်လျှောက်လာတဲ့ လူငယ်တစ်ယောက်နဲ့ တိုးတယ်။

"ဟေ့ကောင်. . . မင်းက ငါ့ဆီကို ဘယ့်နှယ် နောက်ပြန်ကြီးလျှောက်လာရတာလဲ"

"သူဌေးကြီးရဲ့သမီးကို လက်ထပ်ခွင့်တောင်းချင်လို့ပါ"

"အေး. . . အဲဒါကထားပါတော့၊ ဘာလို့ နောက်ပြန်ကြီးလျှောက်လာရတာလဲ"

"သူဌေးကြီးကငြင်းလိုက်ရင် ပြန်လှည့်နေစရာမလိုဘဲ တစ်ခါတည်း ပြန်သွားလို့ရတာပေါ့"

"ဟေ. . ."

သူဌေးကြီး အံ့ဩသွားတယ်။ သူ့ထက် ပျင်းတတ်တဲ့သူနဲ့ တွေ့ပြီဆိုပြီး ဝမ်းသာသွားတယ်။ သူရှာနေတဲ့ သမက်လောင်း အရည်အချင်းနဲ့ ကိုက်ညီတာပေါ့။

"ကောင်းပြီ၊ မင်းကို ငါ့သမီးနဲ့ ပေးစားမယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ပြီး စီစဉ်စရာရှိတာကို စီစဉ်လိုက်မယ်"

သူဌေးကြီးက အိမ်ကို အမြန်ပြန်သွားတယ်။ သမက်လောင်းကို ရှာတွေ့ပြီဆိုတော့ သမီးလုပ်သူကလည်း ဘဝင်ကျသွားတယ်။ သူဌေးကြီးဟာ ကတ္တီပါညောင်စောင်းမှာ ဝင်ရောက်လဲလျောင်းပြီး မျက်စိတစ်ဖက်ဖွင့်လို့ အလုပ်သမားတွေကို မင်္ဂလာကိစ္စ စီစဉ်ခိုင်းတယ်။ စိတ်တိုင်းကျလောက်တဲ့အခါကျမှ. . . .

"ကဲ. . . ငါ့သမက်ကို ငါသွားခေါ်လိုက်ဦးမယ်"

လမ်းဆုံဆီပြန်ရောက်တော့ သူဌေးကြီး မျက်မှောင်ကြုတ်သွားတယ်။ သမက်လောင်းက မရှိတော့ဘူး။ ဟိုလူဒီလူတွေကို လိုက်ကြည့်ရင်း ရင်ထဲထိတ်သွားတယ်။ သူ့သမက်လောင်း သူ မမှတ်မိဘူး။ ခုနက နောက်ပြန်လျှောက်လာတဲ့ သမက်လောင်းကို သူက နောက်စေ့ပဲ မြင်ဖူးလိုက်တာကိုး။ မျက်နှာကိုမှ မမြင်လိုက်ပဲ။

သူဌေးကြီးရဲ့သမီးဟာ မွှေးနံ့သာတွေခြုံလွှမ်းလို့ အလှဆုံးပြင်ဆင်ပြီး လေသာပြတင်းပေါက်ကနေ သတို့သားလောင်းအလာကို မျှော်ကြည့်နေတယ်။ သူဌေးကြီးမှာဖြင့် ချွေးသီးချွေးပေါက်တွေကျလို့၊ လမ်းဆုံလမ်းခွမှာ





အရပ်လေးမျက်နှာကိုကြည့်ပြီး ရှာဆဲဖွေဆဲ၊ ရှာဆဲဖွေဆဲ၊ ရှာဆဲဖွေဆဲ။

ဟေး. . . သတို့သားလောင်း ဘယ်မှာလဲ။

❑

တာရာမင်းဝေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

# သတိုးစော

ကိုယ်ပျှော်လက်ချုပ်ထဲကနတ်ဆိုး

(ပထမလုံးချင်းဝတ္ထု)

သူ့အိပ်ခန်းရှေ့တွင်ရပ်ပြီး အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင်. . ."

ကြောက်ရွံ့တုန်လှုပ်စိတ်ဖြင့် သူ အော်ဟစ်မိတော့မတတ် ဖြစ်သွားသည်။ သူ့အခန်းမှန်ပြတင်းအနီးမှ ရိပ်ခနဲ ပျောက်ကွယ်သွားသော လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

သေသေချာချာ မမြင်လိုက်ရသော်လည်း ထိုအရိပ်ကို သူ ရင်းရင်းနှီးနှီး မှတ်မိနေသည်။

ဟိုအိမ်ကြီး၏ အပေါ်ထပ်မှနေပြီး သူ့ကို လှမ်းကြည့်နေခဲ့သော အနက်ရောင်လူရိပ်ပင်ဖြစ်လေသည်။

သူ ပြတင်းပေါက်ဆီ ပြေးသွားပြီး တံခါးကို တွန်းဖွင့်ကြည့်လိုက်သည်။

ဘာမှရှိမနေ။

သူ ကြက်သီးတဖြန်းဖြန်းထသွား၏။

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၆၃၀၅၁၀

ရွှေအိမ်မှူးစာပေ

# သတိုးစော [illegible]

(ဒုတိယလုံးချင်းဝတ္ထု)

ကြီးမားပြကားနေသော ပါးစပ်ကြီးထဲမှ နီနီရဲရဲလျှာကြီးက တွဲလောင်းကျနေ၏။ မျက်လုံးကြီးများက ခါတိုင်းထက်ပို၍ သွေးဆာနေသလို။ မီးဝင်းဝင်းတောက်နေသည်။

သူ့လက်ထဲတွင် ကိုင်ထားသည်ကတော့ လူ့နှလုံးသားဟု ထင်ရသော နှလုံးတစ်ခု။

ဘုရားရေ့. . .

ကျွန်မ ကြည့်နေစဉ်မှာပင် သူက နှလုံးထဲမှသွေးများကို ကော်ဇီခွက်ထဲသို့ ညှစ်ချလိုက်သည်။ ထို့နောက် တစ်ငုံစုပ်ယူပြီး သောက်လိုက်၏။

နောက်တစ်ကြိမ် ရေခဲသေတ္တာကိုဖွင့်ပြီး တစ်စုံတစ်ရာကို ထုတ်ယူလိုက်သောအခါတွင်ကား ကျွန်မ အူတွေအသည်းတွေ ပြောင်းပြန်လန်သွားသည်ဟု ထင်လိုက်ရသည်။

လက်ပြတ်ကြီးတစ်ဖက်။

သင်္ချိုင်းမှ တူးဖော်ယူလာသည်လားမသိ။ ပုပ်ရိနေပြီဖြစ်သည်။

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၇၀၆၀၄

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

# မင်းခိုက်စိုးစန်

## ကမ္ဘာဦးရည်းစား

(ဒုတိယအကြိမ်)

မနေ့ကလည်း လွမ်းတယ်။

ဒီနေ့လည်း လွမ်းတယ်။

ကမ္ဘာမြေတစ်ခွင်းစာလောက်ရှိတဲ့

ပိရမစ်တစ်ခု

ငါ့အလွမ်းတွေနဲ့စုပြီး တည်ဆောက်ပြလိုက်တယ်။

တကယ်တော့. . . ပိရမစ်ဆိုတာ

ဂူသင်္ချိုင်းပါပဲ. . .

ငါ့ကိုယ်ငါ မြှုပ်နှံဖို့ တည်ဆောက်ခဲ့တာပေါ့. . .။

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၆၀၆၀၄

ရွှေအိမ်မှူးစာပေ

# မင်းခိုက်စိုးစန်

## လွမ်းလို့သေသွားတဲ့သစ်ပင်

(ဒုတိယအကြိမ်)

ဘယ်သူဟာ အမှောင်ထုထဲက လွတ်လပ်ခဲ့ပါသလဲ။

အနည်းဆုံးတော့ မင်းဟာ သရဲတစ္ဆေကို ယုံကြည်နိုင်တယ်။

အနည်းဆုံးတော့. . . မင်းဟာ အမှန်တရားကို ယုံကြည်နိုင်တယ်။

အနည်းဆုံးတော့. . . မင်းဟာ အချိန်နာရီတွေကို ယုံကြည်နိုင်တယ်။

အနည်းဆုံးတော့. . . မင်းဟာ ရီလေတစ်ပတီသီအိုရီကို ယုံကြည်နိုင်တယ်။

အနည်းဆုံးတော့. . . မင်းဟာ သစ္စာလေးပါးကို ယုံကြည်နိုင်တယ်။

ဆန္ဒရှိရင်. . . ကမ္ဘာကြီးဟာ အပြားကြီးပါလို့လည်း ယုံကြည်နိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့်. . .

ငါ့ရဲ့ချစ်လှစွာသော ပေဒင်ဆရာမလေးရေ. . .

ငါတို့ရဲ့ ကံကြမ္မာတွေကို ချုပ်ကိုင်ချယ်လှယ်ထားတဲ့ တန်ခိုးရှင် တစ်ပါးပါး ရှိတယ်လို့တော့ ဘယ်နည်းနဲ့မှ မယုံကြည်ပါနဲ့။

ကျေးဇူးပြုပြီး. . . လွတ်လပ်ကြည့်လိုက်စမ်းပါ။ အဝါရောင်လက်သန်းကလေးရယ်။

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၄၀၆၀၃

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မျှုးစာပေ



# အသည်းကွဲလူရှင်တော်

လုံးချင်းဝတ္ထုသစ်

"နင်က ဆင်းရဲကျပ်တည်းတဲ့ဘဝကိုမှ ဘဝထင်နေတာကိုး။

တကယ်တော့ သူဌေးသန်းကြွယ်ကြီးတွေ၊ ကမ္ဘာကျော်မင်းသားမင်းသမီးတွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ နိုဗယ်ဆုရ သိပ္ပပညာရှင်ကြီးတွေရဲ့ဘဝတွေဟာ နင်ပြောသလိုဆို တကယ့်ဘဝမဟုတ်တော့ဘူးပေါ့။ အဲဒီလို ဘယ်ဟုတ်ပါ့မလဲ စည်သူရဲ့၊ သူတို့ဆီမှာလည်း သူတို့ရဲ့ ကိုယ်ပိုင်ဘဝဆိုတာ ရှိတာပဲဟ. . .။ နင် ငါ့ကို စောစောတုန်းက စွပ်စွဲသလိုဆိုရင် ပြည့်စုံတဲ့ဘဝတွေဟာ ပေါ့ပေါ့ပါးပါးနဲ့ ဘာကိုမှ မလေးနက်တဲ့လူတွေ ဖြစ်ကုန်မှာပေါ့၊ တကယ်တော့ ချမ်းသာကြွယ်ဝပြီး လေးနက်စူးရှတဲ့လူတွေ ဘဝတွေ အများကြီးပါ စည်သူရာ. . ."

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၇၆၀၆၀၃

ရွှေအိမ်မျှုးစာပေ

## ထွက်ရှိပြီးသောစာအုပ်များ


ဆွာနီ – ဂျပန်ခေတ်ပေါ်ကဗျာ

ာရာမင်းဝေ – အရှေ့မြို့ရိုးမှ မိုးရေစက်များ (ဒုတိယအကြိမ်)

ာရာမင်းဝေ – သင်နှင့်နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် (ဒုတိယအကြိမ်)

ာရာမင်းဝေ – ကျွန်တော်နှင့် ကြေးသွန်းယဉ်ကျေးမှု (ဒုတိယအကြိမ်)

ာရာမင်းဝေ – ပြိုင်မြင်းတို့ရဲ့ခွာသံ (ဒုတိယအကြိမ်)

ာရာမင်းဝေ – ကျွန်တော်တူးဖော်ခဲ့သည့် မြေစိုင်မြေခဲများအကြောင်း (ဒုတိယအကြိမ်)

င်းခိုက်စိုးစန် – ကောင်းကင်နဲ့မလွတ်တဲ့အတောင်ပံတစ်စုံ (ဒုတိယအကြိမ်)

င်းခိုက်စိုးစန် – သုည

င်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် မှော်ပြဒါးရှင်လုံး (ဒုတိယအကြိမ်)

င်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် မိစ္ဆာခန်းဆောင် (ဒုတိယအကြိမ်)

င်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် ဝိဉာဉ်နှုတ်အကျဉ်းသား

တိုးတေဇ – ကိုယ့်လက်ခုပ်ထဲကနတ်ဆိုး

မှူးသွင် – အခန်းဆက်နှင်းဆီ

မှူးသွင် – ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း

မှူးသွင် – ချစ်သူပြောတဲ့တနင်္ဂနွေပုံပြင်

မှူးသွင် – တစ်ခါတစ်ရံများ


www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

## ယခု

တာရာမင်းဝေ – ဘယ်ဘက်လက်ထဲမှာ ဝှက်ထားတဲ့ပုံပြင်

## ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

မင်းခိုက်စိုးစန် – ကမ္ဘာဦးရည်းစား (ဒုတိယအကြိမ်)

မင်းခိုက်စိုးစန် – လွမ်းလို့သေသွားတဲ့သစ်ပင် (ဒုတိယအကြိမ်)

မင်းခိုက်စိုးစန် – ချစ်သူရဲ့ပါးတစ်ဖက်ကို နိုးဝှက်သွားတဲ့တစ္ဆေ (ဒုတိယအကြိမ်)

သတိုးဇေဖ – တစ္ဆေတစ်ကောင်ရဲ့ညစာ

ဝေမှူးသွင် – အသည်းကွဲလူရှင်တော်

BURMESE CLASSIC .com

ရွှေပဒေသာစာပေ

လူငယ်ကြိုက်အရေးအသား

# မေပြ

❀ တစ္ဆေတစ်ကောင်၏စီရင်ထုံးများ

❀ လျှို့ဝှက်အပ်သော

❀ စည်းခြားလမ်း

❀ နေမဝင်အချစ်

❀ ကမ္ဘာပေါ်က ကောင်းကင်

မကြာမီထွက်မည်

www.burmeseclassic.com